# ၂၀၁၉ ခုနှစ်၊ ဖွန်လ၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ ဖွန်လကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၄၆၆ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၃၄ ဦးအကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၆၁ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၇၁ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



ဓာတ်ပုံ- နီရဥ္စရာ
၂၀၁၉ ခုနှစ်၊ ဖွန်လ

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ  တွစ်တာစာမျက်နှာ  လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ

**နိုင်ငံရေးအကျဉ်းသားများ ............ 3**

ဖမ်းဆီးခံရခြင်းများ ............ 3

ပျောက်ဆုံးသွားခြင်းများ ............ 6

တရားစွဲဆိုခံရခြင်းများ ............ 6

တရားရင်ဆိုင်ရခြင်းများ ............ 8

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ............ 9

ထောင်တွင်းအခြေအနေများ ............ 10

ထောင်မှလွတ်မြောက်မှုများ ............ 10

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒ ထုတ်ဖော်မှုများ ............ 12**

လယ်ယာမြေအငြင်းပွားမှုများ ............ 17

**ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ ............ 20**

**အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ............ 21**

အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links ............ 22

# နိုင်ငံရေးအကျဉ်းသားများ

## ဖမ်းဆီးခံရခြင်းများ

### ဖမ်းဝရမ်းထုတ်ခြင်းခံထားရသော ကရင်နီလူငယ်တစ်ဦး ဖမ်းဆီးခြင်းခံရ

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၁၀ ဖြင့် အမှုဖွင့်ခြင်းခံထားရပြီး ဖမ်းဝရမ်းထုတ်ခြင်းခံထားရသော တိုးတက်သော ကရင်နီပြည်သူ အင်အားစုအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခူးကြူးဖဲကေး(ခ) ဂူးဂူးသည် ဖွန်လ ၂ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ကရင်နီလူငယ်များ၏ မတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်ကြောင့် ကယားပြည်နယ်အစိုးရ လက်ထောက် ညွှန်ကြားရေးမှူး ဦးသက်နောင်မှ တရားလိုပြုလုပ်၍ ကရင်နီပြည်သူအင်အားစုအဖွဲ့မှ ကိုခူကြူးဖဲကေး(ခ)ဂူးဂူး၊ ကိုဂျွန်ပေါ်(ခ)ပျားလေး၊ ကိုမျိုးလှိုင်ဝင်း(ခ)ပါစကွားလယ်၊ ကိုခွန်သောမတ်စ်၊ ကိုဒီးဒီ(ခ)စစ်မှန်းနှင့် ကိုခူးရီဒူး(ခ) ခူးရီးရယ်တို့ကို တရားစွဲဆိုခဲ့သည်။ မေလ ၃၁ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ ၎င်းတို့ကို တရားခံပြေးအဖြစ် ထုတ်ပြန်ခဲ့သည်။

### မြောက်ဦးရှိ ဆင်အိုးရွာသား ခုနစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်

ဖွန်လ ၁၃ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဆင်အိုးကျေးရွာမှ အမျိုးသမီး တစ်ဦးအပါအဝင် ရွာသား ခုနစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့သည် စက်တပ် လှေငယ်တစ်စီးဖြင့် စေတီတောင်ရွာဟောင်းရှိ စစ်ဘေးရှောင်စခန်းသို့ ပြန်လာစဉ် စစ်ကြောင်းတစ်ခုနှင့်တိုးရာမှ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်ဟု ဒေသခံရွာသားများမှ ပြောကြားခဲ့သည်။ ဖမ်းဆီးခြင်းခံရသူများမှာ ဦးတင်တင်မောင်၊ ကိုမောင်လှဝင်း၊ ကိုမောင်လှရွှေ၊ ကိုထွန်းထွန်းအေး၊ ကိုမောင်လှသိန်း၊ မောင်ညီညီသန်းနှင့် ဒေါ်ပုပုတို့ဖြစ်ကြသည်။

### AA အဖွဲ့ဝင်ဟု သံသယရှိသဖြင့် ရွာသား ၂၅ ဦးကို ဖမ်းဆီး၊ စစ်ဆေး

ဖွန်လ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်ဆည်ပြင်ရွာ အရှေ့ဘက်တွင် တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA)တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ထိုနေ့ညနေပိုင်းတွင် တပ်မတော်မှ ကြက်စင်၊ ကြာကန်၊ ဆင်အိုး၊ ရန်အောင်ပြင်စသည့် ကျေးရွာများမှ ရွာသား ၂၅ ဦးကို AA အဖွဲ့ဝင်ဟု သံသယရှိသဖြင့် ဖမ်းဆီးခဲ့သည်။ ဖွန်လ ၁၄ ရက်နေ့တွင် ၎င်းတို့ကို ကျောက်တော်မြို့မရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ပြီး စစ်ဆေးလျက်ရှိသည်။

### ဘူးသီးတောင်မြို့နယ်တွင် ခိုလှုံနေသည့် ခမီတိုင်းရင်းသား ခြောက်ဦးကို ဖမ်းဆီး

ဖွန်လ ၁၆ ရက်နေ့တွင် တပ်မတော် တပ်မ ၅၅ မှ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဒုံးသိမ် စစ်ဘေးရှောင်စခန်းတွင် ခိုလှုံနေသည့် ခမီတိုင်းရင်းသား ခြောက်ဦးကို ဖမ်းဆီးခဲ့သည်။ ခမီတိုင်းရင်းသား ခြောက်ဦးသည် ၎င်းတို့နေအိမ်များရှိသည့် အလယ်ချောင်းရွာ၌ စားနပ်ရိက္ခာများ သွားရောက် သယ်ဆောင်ပြီး ဒုက္ခသည်စခန်းသို့ ပြန်လာစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ ၎င်းတို့သည် ရက္ခိုင့်တပ်မတော်(AA)ကို ရိက္ခာပို့နေသည်ဟု ယူဆခြင်းကြောင့် စစ်ဆေးနေခြင်း ဖြစ်သည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ပြောကြားခဲ့သည်။

### ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး၏ အစ်မဖြစ်သူ ကိုယ်တိုင်လာရောက် အဖမ်းခံ

ဖွန်လ ၁၉ ရက်နေ့တွင် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး၏ အစ်မဖြစ်သူ မနေဇာထွန်းသည် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် တရားရုံး၌ သွားရောက်၍ ဖမ်းဆီးခြင်းခံခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးအား နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် စွဲချက်တင်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထိုစွဲချက်တင်ခြင်းကို ကျေနပ်ခြင်းမရှိ၍ ဆန္ဒထုတ်ဖော်ခဲ့ရာတွင် မနေဇာထွန်းသည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအာပ်ကို ခြေထောက်ဖြင့်နင်းသည်ဟု စွပ်စွဲခြင်းခံခဲ့ရကာ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့်လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်တချို့နှင့် ရန်းရင်းဆန်ခတ်ဖြစ်ခဲ့သည်ဟုဆိုကာ ရာဇသတ်ကြီးပုဒ်မ ၁၅၃ ဖြင့်လည်းကောင်း တရားစွဲဆိုခြင်းကိုခံခဲ့ရပြီး ဖမ်းဝရမ်းထုတ်ခြင်းခံခဲ့ရသည်။

### မြောက်ဦးမြို့နယ်တွင် ရွာသားအယောက် ၂၀ နီးပါးကို ဖမ်းဆီး

ဇွန်လ ၂၀ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်တောပြင် ကျေးရွာအနီးတွင် တည်ရှိသော ဝေသာလီဘုရားကြီးကို ပြုပြင်နေသည့် ဝေသာလီကျေးရွာမှ လက်သမား ငါးဦးနှင့် ပေါက်တောပြင်ကျေးရွာမှ ကျောက်တူးနေသည့် လမ်းခင်းလုပ်သား ၁၄ ဦးခန့်ကို ကို ဖမ်းဆီးသွားခဲ့သည်။

### ကရင်နီ လူငယ် ငါးဦး သွားရောက် ဖမ်းဆီးခံခဲ့

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် အမှုဖွင့်ခြင်း ခံထားရပြီး ဖမ်းဝရမ်းထုတ်ခြင်းခံထားရသည့် ကရင်နီ လူငယ် ငါးဦးဖြစ်သည့် ကိုဂျွန်ပေါ(ခ)ပျားလေး၊ ကိုမျိုးလှိုင်ဝင်း(ခ) ပါစကွားလယ်၊ ကိုခွန်သောမတ်စ်၊ ကိုဒီးဒီ(ခ)စစ်မုန်းနှင့် ကိုခူးရီဒူး(ခ)ခူးရီးရယ်တို့သည် ဇွန်လ ၂၁ ရက်နေ့တွင် ဖမ်းဆီးခြင်း ခံခဲ့သည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ ကျင်းပသည့် ၁၄၄ နှစ်မြောက် ကရင်နီ အမျိုးသားနေ့ အခမ်းအနားအပြီးတွင် ၎င်းတို့သည် ဖမ်းဆီးခံခဲ့ခြင်းဖြစ်သည်။ ကရင်နီလူငယ်များ၏ မတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက် ကြောင့် ကယားပြည်နယ်အစိုးရ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်မှ တရားလိုပြုလုပ်၍ ၎င်းတို့ကို အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။ ဇွန်လ ၂၄ ရက်နေ့တွင် ၎င်းတို့ ခြောက်ဦးကို လွိုင်ကော်မြို့နယ်တရားရုံးတွင် ပထမ အကြိမ် ရုံးထုတ် စစ်ဆေးခဲ့ သည်။

### တပ်မတော်အရာရှိများကို အရေးယူပေးရန် ဆန္ဒ ထုတ်ဖော်သူ ဖမ်းဆီးခြင်းခံရ

ဇွန်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလ ပန်းခြံရှေ့၌ ဒီမိုကရေစီရေး စည်ဆက်မပြတ်လှုပ်ရှားမှု အင်အားစု အဖွဲ့(MDCF) ဗဟိုကော်မတီဝင် ကိုတင်မောင်ကြည်သည် မြန်မာတပ်မတော် အရာရှိကြီးများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC)တို့မှ အမြန်ဆုံးလာရောက် အရေးယူပေးရန် တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ထို့နောက် ကျောက်တံတားမြို့နယ်ရဲစခန်းမှ ၎င်းအား ခွင့်ပြုချက်မရှိဘဲ ဆန္ဒထုတ်ဖော်ခဲ့ခြင်း အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့ပြီး ကိုယ်ပိုင်ခံဝန်ဖြင့် ပြန်လည် လွှတ်ပေးခဲ့သည်။

### AA ဟု ယူဆရသူ ရှစ်ဦးကို ဖမ်းဆီးစစ်ဆေး

မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာအနီးတစ်ဝိုက်တွင် ရက္ခိုင့်တပ်တော်(AA)ဟု ယူဆရသည့် မသင်္ကာဖွယ် အမျိုးသား ရှစ်ဦးကို ဖမ်းဆီးရမိသဖြင့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ကျောက်တော်မြို့မရဲစခန်းသို့ ပို့ဆောင်ထားသည်ဟု တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဇွန်လ ၂၂ ရက်နေ့တွင် သတင်း ထုတ်ပြန်ခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့တွင် ၎င်းတို့ကို မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာ အနီးတစ်ဝိုက်တွင် ဖမ်းဆီးရမိခြင်းဖြစ်ပြီး မကျားဆည် ကျေးရွာသား တစ်ဦး၊ ပေါက်တောပြင် ကျေးရွာသား လေးဦး၊ ဖူးရွက်မညိုး ကျေးရွာသား တစ်ဦး၊ အုတ်ဖိုကန်ကျေးရွာသား တစ်ဦးနှင့် ဒုံးသိမ်ကျေးရွာသား တစ်ဦးတို့ဖြစ်သည်။ ဇွန်လ ၂၀ ရက်နေ့တွင် ဖမ်းဆီးရမိသူ ရှစ်ဦးကို ကျောက်တော်မြို့မရဲစခန်းသို့ လွှဲပြောင်း၍ လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိသည်။

ဖမ်းဆီးစစ်ဆေးခြင်းခံရသူများအနက် ပေါက်တောပြင် ရွာသား အသက် ၂၃ နှစ်အရွယ် ကိုနေမျိုးထွန်းသည် ဇွန်လ ၂၄ ရက်နေ့တွင် သေဆုံးသွားခဲ့သည်။ ၎င်း၏ ရုပ်အလောင်းကို ကျောက်တော်ဆေးရုံသို့ လာရောက် ပို့ဆောင်ထားသည်ဟုသာ သတင်းကြားသိရပြီး မိသားစု ဝင်များကို ရဲတပ်ဖွဲ့နှင့် တပ်မတော်မှ အသိပေး အကြောင်းကြားခြင်းမရှိကြောင်း ကိုနေမျိုးထွန်း၏ မိသားစု ဝင်တစ်ဦးမှ ပြောကြားခဲ့သည်။ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ ကိုနေမျိုးထွန်းသည် ထိန်းသိမ်းစစ်ဆေးနေစဉ် ကာလ အတွင်း ကျန်းမာရေး ချို့ယွင်းလာသည့်အတွက် ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ဇွန်လ ၂၅ ရက်နေ့တွင် ကျန်ရှိသော ရွာသား ခုနစ်ဦးကို ကျောက်တော်မြို့နယ် တရားရုံး၌ ရုံးထုတ်၍ ချုပ်ရမန် ယူစဉ် ၎င်းတို့တွင် ပြင်းထန်သော ဒဏ်ရာများရရှိ ထားသည်ကို တွေ့ရှိရသဖြင့် အထူးစိုးရိမ်မိကြောင်း ၎င်းတို့၏ မိသားစုဝင်များနှင့် တရားရုံးသို့ သွားရောက် ခဲ့သူများမှ ပြောကြားခဲ့သည်။ ၎င်းတို့ခုနစ်ဦးကို အကြမ်းဖက်မှုနှင့် ဖောက်ခွဲမှုပုဒ်မများဖြင့် ကျောက်တော် အခြေစိုက် ခမရ ၃၇၄ တပ်ရင်းမှ ဗိုလ်ကြီး နစ်ဦးမှ တရားလိုပြုလုပ်၍ ကျောက်တော်မြို့မရဲစခန်းတွင် အမှုဖွင့် ထားသည်။

## တပ်မတော် ရေယာဉ်ပစ်ခတ်ခြင်းခံခဲ့ရပြီးနောက် မသင်္ကာမှုဖြင့် ဒေသခံ ၁၀ ဦး ဖမ်းဆီးခြင်းခံရ

ဇွန်လ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆတ်ရိုးကျချောင်းဝတွင် ရပ်နားထားသည့် တပ်မတော် ရေကြောင်း၏ တွဲဆွဲရေယာဉ် တစ်စီးကို ရက္ခိုင့်တပ်မတော်(AA)အဖွဲ့မှ ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့ပြီးနောက် ရှော့တိုက်ဒုံး ပစ်ခတ်ခဲ့ သည့် ခြံဝန်းအတွင်းရှိ ခြံစောင့်မိသားစုလေးဦးဖြစ်သော ဦးထွန်းရွှေ၊ ဇနီး ဒေါ်သူဇာ၊ သားကြီး ရဲမင်းနိုင်၊ သားငယ် မောင်ဌေးလင်း၊ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးအောင်လင်းဦး၊ မန်နေဂျာ ဦးအောင်နိုင်နှင့် ဦးအောင်စိုးသန်းတို့သည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့ပြင် ကယုချောင်း ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော စစ်ဘေးရှောင်ကယ်ဆယ်ရေး စခန်းမှ လူငယ်သုံးဦးဖြစ်သော မောင်စိုးနိုင်းလင်း၊ မောင်ထွန်းထွန်းနှင့် မောင်ကျန်လူတို့ကိုလည်း မသင်္ကာမှုဖြင့် ရဲတပ်ဖွဲ့ဝင် များမှ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့ကို စစ်တွေ အမှတ် (၁)ရဲစခန်း၌ ထိန်းသိမ်း စစ်ဆေးလျှက်ရှိသည်။

ဇွန်လ ၂၂ ရက်နေ့တွင် ခြံစောင့်မိသားစုဝင်လေးဦးအနက် ဒေါ်သူဇာနှင့် သားငယ် မောင်ဌေးလင်း၊ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင် ဦးအောင်လင်းဦးတို့ကို အာမခံဖြင့် ပြန်လည် လွှတ်ပေးခဲ့သည်။ ဦးထွန်းရွှေနှင့် သားကြီး ရဲမင်းနိုင်တို့သည် အတွင်းချုပ် စစ်ဆေးခြင်းခံနေရပြီး မန်နေဂျာ ဦးအောင်နိုင်နှင့် ဦးအောင်စိုးသန်းတို့သည် အပြင်ချုပ် စစ်ဆေးခြင်းခံနေရသည်။ ထိုပစ်ခတ်မှုတွင် တပ်မတော်သား နှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

## AA နှင့်ဆက်နွယ်မှု သံသယဖြင့် ဖမ်းဆီးထားသူ နှစ်ဦးကို ဖမ်းဆီး၊ အမှုဖွင့်

ဇွန်လ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဂေါသာလီကျေးရွာအနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များမှ တင်းထိန်ကန်ကျေးရွာမှ မောင်မျိုးဟိန်းဆွေနှင့် မောင်စိုးမောင်သန်းတို့ကို မိုင်းဖောက်ခွဲမှုသံသယဖြင့် ဖမ်းဆီးခဲ့သည်။ မောင်မျိုးဟိန်းဆွေတို့ မိသားစုသည် ဆန်စက်လုပ်ငန်း လုပ်ကိုင်သည့်အတွက် ငွေလိုအပ်သဖြင့် ၎င်းတို့ နှစ်ဦးသည် မြောက်ဦး မြို့ထဲသို့ ငွေထုတ်ယူရန် သွားရောက်စဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်ဟု မောင်မျိုးဟိန်းဆွေ၏ဖခင်ဖြစ်သူ ဦးမောင်သိန်းလှမှ ပြောကြားခဲ့သည်။

ဇွန်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် မြောက်ဦးမြို့နယ်၊ တိမ်ညိုကျေးရွာအနီး ရန်ကုန်-စစ်တွေ ပြည်ထောင်စု ကားလမ်းမ ကြီးပေါ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရက္ခိုင့်တပ်တော်(AA)ဘက်မှ မိုင်းနှစ်လုံးဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့သည်။ မိုင်းဖောက်ခွဲခဲ့သည့်နေရာ တစ်ဝိုက် အား စစ်ဆေးစဉ် မသင်္ကာဖွယ် ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သည့်အတွက် လုံခြုံရေးဆောင်ရွက် လျက်ရှိသော တပ်ဖွဲ့ဝင်များမှ ဖမ်းဆီးခဲ့သည်ဟု တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။ ၎င်းတို့ နှစ်ဦးအား စစ်ဆေးခဲ့ရာ မိုင်းဖောက်ခွဲခဲ့သူများ ဖြစ်ကြောင်းသိရှိရပြီး ဆိုင်ကယ်တူးဘောက်အတွင်း၌ ကျေးရွာများမှ ဆက်ကြေး ကောက်ခံထားသော မှတ်တမ်းစာအုပ် တစ်အုပ်၊ AA နှင့် Video Call ပြောနေစဉ် ရိုက်ကူးသည့် Screen Shotsမှတ်တမ်းဓာတ်ပုံပါရှိသော ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်ဟု တပ်မတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မောင်မျိုးဟိန်းဆွေ၏ အစ်ကိုဖြစ်သူ ကိုမင်းမျိုးဆွေမှ ဆိုင်ကယ်တူးဘောက်အတွင်း၌ တွေ့ရှိရ သည့် မှတ်တမ်းစာအုပ်များမှာ ဆန်ဝယ်သူများ၏ စာရင်း များနှင့် စစ်ဘေးရှောင်စခန်းများသို့ လှူဒါန်းသည့် စာရင်း စာရွက်များဖြစ်ပြီး တပ်မတော်မှ ထုတ်ပြန်သကဲ့သို့ ဆက်ကြေးကောက်ခံထားသည့် စာအုပ်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် AA နှင့် Video Call ပြောနေစဉ် ရိုက်ကူးသည့် Screen Shots မှတ်တမ်းဓာတ်ပုံ ဆိုသည် မှာလည်း လွန်ခဲ့သည့် နှစ်ပေါင်း ၁၀ နှစ်ခန့်က ပျောက်ဆုံး သွားခဲ့သည့် သူငယ်ချင်းနှင့် ယခု အဆက်အသွယ်ရ၍ ဖုန်းပြောစဉ် ရိုက်ကူးထားသည့်ပုံ ဖြစ်နိုင်သည်ဟု ၎င်းမှ ဆက်လက် ပြောကြား ခဲ့သည်။

ဇွန်လ ၂၅ ရက်နေ့တွင် ၎င်းတို့နှစ်ဦးကို ကျောက်တော် မြို့နယ် တရားရုံး၌ ရုံးထုတ်၍ ရမန်ယူစဉ် တပ်မတော်မှ ၎င်းတို့အား စစ်ဆေးစဉ် ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ မြို့နယ်တရားသူကြီးမှ ၎င်းတို့ အား ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသူများအဖြစ် မှတ်ချက် ချခဲ့သည်။ ထို့ပြင် မြို့နယ်ဆရာဝန်ကြီးမှလည်း ဆေးကုသ ရန် လိုအပ်သည်ဟု မှတ်ချက်ပေးခဲ့သဖြင့် ဇွန်လ ၂၅ ရက်နေ့တွင်ပင် ၎င်းတို့နှစ်ဦးသည် ကျောက်တော် ဆေးရုံသို့ တက်ရောက်၍ ဆေးကုသမှု ခံယူခဲ့ပြီး ဇွန်လ ၂၇ ရက်နေ့တွင် ကျန်းမာရေး စိုးရိမ်စရာ မရှိသောကြောင့် ဆေးရုံမှဆင်း၍ ကျောက်တော်မြို့မရဲစခန်းတွင် အချုပ်ကျ ခံနေရသည်။ သို့သော် ဇွန်လ ၂၈ ရက်နေ့မှ စတင်၍ ၎င်းတို့သည် အပြင်လူနာအဖြစ် ဆေးကုသမှု ခံယူနေရဆဲ ဖြစ်သည်ဟု ၎င်းတို့၏ မိသားစုဝင်များမှ ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးကို အကြမ်းဖက်မှုနှင့် ဖောက်ခွဲမှု ပုဒ်မများဖြင့် ကျောက်တော် အခြေစိုက် ခမရ ၃၇၄ တပ်ရင်းမှ ဗိုလ်ကြီး နှစ်ဦးမှ တရားလိုပြုလုပ်၍ ကျောက်တော်မြို့မရဲစခန်းတွင် အမှုဖွင့်ထားသည်။

## ▶ ပျောက်ဆုံးသွားခြင်းများ

### ပျောက်ဆုံးနေသည့် သံတောင်ရွာသား၏ သတင်း အစအနမရရှိသေး

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မစျေးမှ ရွာသို့ပြန်လာသည့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ သံတောင်ကျေးရွာမှ ဦးကျော်အေးသည် ဇွန်လ ၁၄ ရက်နေ့တွင် ပျောက်ဆုံးသွားခဲ့ပြီး ယနေ့ထိတိုင် ၎င်းနှင့်ပတ်သက်သည့် သတင်းအစအနရရှိခြင်း မရှိသေးကြောင်း ပျောက်ဆုံးသူ၏ သမက်ဖြစ်သူ ဦးမောင်မောင်ဦးမှ ပြောကြားခဲ့သည်။ ဇွန်လ ၁၃ ရက်နေ့တွင် ဦးကျော်အေးသည် မြောက်ဦး မြို့မစျေးသို့သွားရောက်ခဲ့ပြီး ဇွန်လ ၁၄ ရက်နေ့ နံနက် ၈ နာရီတွင် မြောက်ဦးမြို့နယ် ဆင်အိုးကျေးရွာမှ သံတောင် ကျေးရွာဖက်သို့ ပြန်လာခဲ့သော်လည်း ယနေ့အချိန်ထိ အိမ်ပြန်ရောက်ခြင်း မရှိဘဲ ပျောက်ဆုံးနေခြင်းဖြစ်သည်။

### မြောက်ဦးတွင် ဖုန်းအဟောင်းလိုက်ဝယ်သူ လေးဦး ပျောက်ဆုံးနေ

မေလ ၂၈ ရက်နေ့တွင် မြောက်ဦးမြို့နယ်၊ တိမ်ညို ကျေးရွာအနီးတွင် ဖုန်းအဟောင်းလိုက်ဝယ်လျှက်ရှိသော ကိုကောင်းထက်သည် မိသားစုနှင့် အဆက်အသွယ် ပြတ်သွားခဲ့ပြီး မေလ ၂၉ ရက်နေ့တွင် ကိုသိန်းသန်းစိုး၊ ကိုကျော်စွာသိန်း၊ ကိုသိန်းထိုက်စိုးတို့ပါ မိသားစုနှင့် အဆက်အသွယ်ပြတ်သွားခဲ့ကာ ယခုအချိန်ထိ အဆက် အသွယ်ရရှိခြင်း မရှိသေးကြောင်း မိသားစုဝင်များမှ ပြောကြားခဲ့သည်။ ကိုကောင်းထက် ပျောက်ဆုံးပြီးနောက် ကျန်ရှိသည့် သုံးဦးသည် မြောက်ဦးရဲစခန်း၌ သွားရောက် တိုင်ကြားခဲ့သော်လည်း အာဏာပိုင်အရာရှိ မရှိသည့် အတွက် တိုင်ကြားခွင့်မရရှိခဲ့ကြောင်း မိသားစုနှင့် နောက်ဆုံး အဆက်အသွယ်ရရှိသည့်အချိန်၌ ပြောကြား ခဲ့ကြသည်။ မိသားစုမှ သက်ဆိုင်ရာအာဏာပိုင်များထံ လူပျောက် တိုင်ကြားထားသော်လည်း ယခုအချိန်အထိ ထူးခြားမှုမရှိသေးကြောင်း သိရှိရသည်။

## ▶ တရားစွဲဆိုခံရခြင်းများ

### ဖမ်းဆီးခြင်းခံထားရသော လက္ကာရွာသား ၂၄ ဦးကို တရားစွဲဆို

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာ၌ ဖမ်းဆီးခြင်းခံခဲ့ရသော ရွာသား ၂၄ ဦးအနက် ၂၃ ဦးကို မေလ ၃၁ ရက်နေ့တွင် မြောက်ဦးခရိုင်တရားရုံး၌ ရုံးထုတ် ခဲ့ပြီး ၎င်းတို့ကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀(က)၊ ၅၀(ဈ)၊ ၅၄၊ ၁၉၄၉ လက်နက်အရေးပေါ် ယာယီ ဥပဒေပုဒ်မ ၂၁(က) တို့ဖြင့် မြောက်ဦးခရိုင် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ကျန်ရွာသား တစ်ဦးဖြစ်သူ အသက် ၁၄ နှစ်အရွယ် မောင်စောမြဦးကိုမူ အသက်မပြည့် သေးသည့်အတွက် မြောက်ဦးမြို့နယ် ကလေးသူငယ် တရားရုံးတွင် တရားစွဲဆိုခဲ့ကြောင်း သဇင်ဥပဒေ အထောက်အကူအဖွဲ့မှ တရားလွှတ်တော် ရှေ့နေ ဦးအောင်စစ်မင်းမှ ပြောကြားခဲ့သည်။ ဖမ်းဆီးခြင်း ခံရသူများအနက် တစ်ဦးဖြစ်သူ အသက် ၄၀ နှစ်အရွယ် ဦးထွန်းအောင်ကျော်(ခ)ဖိုးသားလူ၏ ဘယ်ဘက် ခြေထောက်တွင် ရရှိထားသည့် ဒဏ်ရာမှာ အနာ မကျက်သေးသည့်အတွက် အရေးပေါ် ဆေးကုသရန် လိုအပ်လျှက်ရှိကြောင်း သိရှိရသည်။

### အမြောက်တပ်မှ ဒီးမော့ဆိုမြို့နယ် ဒေါဲဆိုရှေးရွာမှ ရွာသားများကို အမှုဖွင့်၊တရားစွဲ

သိမ်းဆည်းခြင်းခံထားရသော မြေယာများပေါ်တွင် သွားရောက် ထွန်ယက်စိုက်ပျိုးခဲ့ခြင်းအတွက် ဒေါဲဆိုရှေး အခြေစိုက် အမှတ် ၃၆၀ အမြောက်တပ်မှ ဗိုလ်မှူးအောင်နိုင်ထွေးမှ ကယားပြည်နယ်၊ ဒီးမော့ဆို မြို့နယ်၊ ဒေါဲဆိုရှေးကျေးရွာမှ ဒေသခံရွာသား ခြောက်ဦးကို အကျိုးပျက်စီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ ဖြင့် လည်းကောင်း၊ နောက်ထပ် ရွာသူ၊ရွာသား ၃၆ ဦးကို ပိုင်နက်ကျူးကျော်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် လည်းကောင်း အမှုဖွင့်၊တရားစွဲဆိုခဲ့သည်။ မေလ ၈ ရက်နေ့တွင် ဒီးမော့ဆိုမြို့မရဲစခန်းမှ ပုဒ်မ ၄၂၇ ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် ရွာသား ခြောက်ဦးကို သွားရောက်ဖမ်းဆီးခဲ့ပြီး ရဲအာမခံဖြင့် ပြန်လည် လွှတ်ပေးခဲ့သည်။

## ကချင်စစ်ပွဲ ရှစ်နှစ်ပြည့် သရုပ်ဖော်ပြဇာတ် ဦးဆောင်သူ နှစ်ဦးကို အမှုဖွင့်

ကချင်ဒေသ တစ်ကျော့ပြန်စစ်ပွဲဖြစ်ပွားမှု ရှစ်နှစ်ပြည့် အထိမ်းအမှတ် ပြဇာတ်တင်ဆက်ပြသခဲ့ခြင်းအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် ခေတ္တ ရဲမှူးမြင့်သန့်ဇော်မှ ဦးဆောင်သူနှစ်ဦးဖြစ်သည့် မဆိုင်းနူးပန် နှင့် ကိုပေါလုတို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့သည်။ ဖွန်လ ၁၁ ရက်နေ့ ရုံးချိန်းတွင် မြစ်ကြီးနားမြို့နယ် တရားရုံးမှ မဆိုင်းနူးပန်နှင့်ကိုပေါလုတို့ကို အာမခံပေးခဲ့သည်။

## Channel Myanmar သတင်းထောက်ကို ပုဒ်မ ငါးခုဖြင့် စွဲချက်တင်

ဖွန်လ ၁၃ ရက်နေ့တွင်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တရားရုံးမှ မန္တလေး အခြေစိုက် Channel Mandalay TV သတင်းဌာနမှ သတင်းထောက်ကိုအောင်ကြည်မြင့် (ခ) ကိုနန္ဒကို ရာဇသတ်ကြီးပုဒ်မ ၁၁၄၊ ၁၄၇၊ ၃၃၂၊ ၃၃၃၊ ၃၅၃ တို့ဖြင့် စွဲချက်တင်ခဲ့သည်။ သတင်းထောက် ကိုနန္ဒသည် ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံ စီမံကိန်းကို ကန့်ကွက် ဆန္ဒထုတ်ဖော်လျှက်ရှိသော အောင်သပြေကျေးရွာသားများကို ရဲတပ်ဖွဲ့ဝင်များမှ ပစ်ခတ် ဖြိုခွင်းမှုအား လူမှုကွန်ရက်စာမျက်နှာတွင် တိုက်ရိုက် လွှင့်တင်ခဲ့သည့်အတွက် မေလ ၁၅ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။

## အောင်သပြေကျေးရွာသားခြောက်ဦးကို ပုသိမ်ကြီးမြို့နယ် တရားရုံး၌ စတင်တရားစွဲဆို

ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံစီမံကိန်း ပဋိပက္ခနှင့်ပတ်သက်၍ ဖမ်းဆီးခြင်းခံထားရသည့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာမှ ရွာသားခြောက်ဦးကို ရာဇသတ်ကြီးပုဒ်မ ၄၃၆၊ ၄၄၀ တို့ဖြင့် ဖွန်လ ၁၄ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ် တရားရုံး၌ စတင်တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးမှ နောက်တစ်ကြိမ်ရုံးချိန်းကို ဖွန်လ ၂၁ ရက်နေ့တွင် ချိန်းဆိုခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်ထံ တိုင်ကြားခဲ့သည့် လယ်သူမ တစ်ဦးကို အမှုဖွင့်

ဂုဏ်သိက္ခာညှိုးနွမ်းစေသည်ဟုဆိုကာ အော့ချက်ဒ်ကုမ္ပဏီပိုင်ရှင် ဒေါက်တာ မြင့်စိန်မှ မလက်တိုကျေးရွာအုပ်စု၊ ပလောင်ကျေးရွာမှ ဒေသခံတောင်သူ မစိန်စိန်စိုး (ခေါ်) မဇီးကွက်ကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ် ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် မလက်တို နယ်မြေရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဧပြီလ ၂ ရက်နေ့၌ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧရာဝတီတိုင်း၊ မအူပင်မြို့သို့ လာရောက်ခဲ့စဉ်တွင် မစိန်စိန်စိုး (ခေါ်) မဇီးကွက်မှ ဒေသခံ တောင်သူ လယ်သမားများ၏ အခက်အခဲများကို တင်ပြတိုင်ကြားခဲ့သောကြောင့် ၎င်းအား အသရေဖျက်သည်ဟုဆိုကာ ထိုကဲ့သို့ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဖွန်လ ၁၈ ရက်နေ့တွင် မလက်တိုနယ်မြေရဲစခန်းမှ မစိန်စိန်စိုး (ခေါ်) မဇီးကွက်ကို စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

## ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်ကို ဝါးခယ်မမြို့နယ် တရားရုံးတွင် တရားစွဲဆို

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်တွင် ပြုလုပ်ခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး ဟောပြောပွဲတွင် တပ်မတော်ကို ထိခိုက်စေသည့် ဟောပြောမှုများ လုပ်ဆောင်ခဲ့သည်ဟုဆိုကာ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ယာယီ ဗိုလ်မှူး ဇော်မင်းမှ တရားလိုပြုလုပ်၍ ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်အား ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)၊(ခ) နှင့် ပုဒ်မ ၅၀၀ တို့ ဖြင့် ဝါးခယ်မမြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ဖွန်လ ၂၀ ရက်နေ့တွင် အဆိုပါအမှုအား ဝါးခယ်မတရားရုံးတွင် ပထမဆုံးအကြိမ်အဖြစ် ကြားနာစစ်ဆေးခဲ့ရာ အင်းစိန်ထောင်တွင် ထိန်းသိမ်းခြင်းခံထားရသည့် ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်ကို ရဲအစောင့်အရှောက်ဖြင့် ဝါးခယ်မမြို့နယ်တရားရုံးတွင် ရုံးထုတ်ခဲ့သည်။ ထိုရုံးချိန်းတွင် ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်မှ အာမခံလျှောက်ထားမှု မပြုလုပ်ဘဲ တရားရုံးပြောင်းရွှေ့စစ်ဆေးပေးရန် တရားသူကြီးထံ တင်ပြမှုများ ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် ဧပြီလအတွင်း ပြုလုပ်ခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး ဟောပြောပွဲတွင် ဟောပြောခဲ့သည့် ဟောပြောချက်များနှင့်ပတ်သတ်၍ ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်ကို ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး တိုးလင်းမှ တရားလိုပြုလုပ်၍ ပုဒ်မ ၅၀၅ (က)၊(ခ)ဖြင့် တရားစွဲဆိုထားသည့်အတွက် ၎င်းသည် တိုက်ကြီးမြို့နယ် တရားရုံးတွင် တရားရင်ဆိုင်နေစဉ် ဝါးခယ်မတရားရုံးတွင် တပ်မတော်မှ ထပ်မံတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

**သတင်းထောက် သုံးဦးအပါအဝင် ၁၂ ဦးကို ဒီမောဆိုမြို့မ ရဲစခန်း၌ အမှုဖွင့်**

ဇွန်လ ၁၉ ရက်နေ့တွင် အမှတ် ၃၆၀ အမြောက်တပ်မှ ဗိုလ်ကြီး အောင်မျိုးထွန်းမှ ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) သတင်းထောက် နော်နီရင်း၊ Eleven Media Group သတင်းထောက် နော်ခိုင်ခိုင်အေးချို၊ Kantarawaddy Times သတင်းထောက် ကိုအောင်သူ၊ ကယားပြည်နယ် ကျောင်းသားများသမဂ္ဂ အဖွဲ့ဝင် မူ့စူဇန်နှင့် တောင်သူ ရှစ်ဦးတို့ကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀/၁၂ ဖြင့် ဒီမောဆိုမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ဇွန်လ ၁၉ ရက်နေ့တွင် ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ ဒေါဆိုရှေးကျေးရွာတွင် ပြုလုပ်ခဲ့သည့် တပ်သိမ်းလယ်ယာမြေများအတွင်း ဒေသခံ တောင်သူလယ်သမားများမှ ထွန်တုံး တိုက်ပွဲ ပြုလုပ်ခဲ့ခြင်း၊ သတင်းထောက် သုံးဦးမှ ထွန်တုံးတိုက်ပွဲအကြောင်း သတင်းရယူခဲ့ကာ သတင်းမီဒီယာပညာဖြင့် အားပေးကူညီခဲ့ခြင်းတို့အတွက် အမှုဖွင့် ခံခဲ့ရခြင်းဖြစ်သည်။

**အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အောက်သားကန်ကျေးရွာသား ငါးဦး တရားစွဲဆိုခြင်းခံရ**

မတ်လ ၂၉ ရက်နေ့ကတည်းက ဖမ်းဆီးခြင်းခံခဲ့ရသော ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ အောက်သားကန်ကျေးရွာမှ ရွာသား ငါးဦးသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ဈ)ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ လုံလောက်သော သက်သေအထောက်အထားမရှိဘဲ ထိုရွာသား ငါးဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့၏ မိသားစုဝင်များမှ ပြောကြားခဲ့သည်။

## ► တရားရင်ဆိုင်ရခြင်းများ

**ဆရာတော်ဦးသောဘိတကို တရားစွဲဆိုရန် လျှောက်ထားမှုကို တရားရုံးမှ ပယ်ချ**

ဆရာတော် ဦးသောဘိတ(အလင်္ကာကြယ်)ကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးကျော်မှ နိုင်ငံတော် အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် တရားစွဲဆိုရန် လျှောက်ထားမှုကို ဇွန်လ ၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တရားရုံးမှ ပယ်ချခဲ့သည်။ ဦးသောဘိတ၏ ရေးသားချက်များသည် တပ်မတော်သားအားလုံးကို စော်ကားသည်ဟုဆိုကာ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးကျော်မှ ပုဒ်မ ၅၀၅(ခ)ဖြင့် အရေးယူပေးရန် တရားရုံးကို ဦးတိုက်လျှောက်ထားခဲ့ခြင်းဖြစ်သည်။

**ထောင်ဒဏ်ကျခံနေရသည့် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ထပ်မံတရားစွဲဆိုရန် ကြိုးပမ်း**

ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးအား နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၇ ဖြင့် တရားစွဲဆိုထားမှုကို တရားရုံးမှ တရားသေ လွှတ်ပေးခဲ့ပြီးဖြစ်သော်လည်း တရားလိုဘက်မှ ကျေနပ်ခြင်းမရှိ၍ အယူခံတင်သွင်းခဲ့သည့်အတွက် ဇွန်လ ၁၇ ရက်နေ့တွင် ကိုအောင်ကိုထွေးအား အမှုရင်ဆိုင်ရန် ရန်ကုန်တိုင်း တရားလွှတ်တော်ကို ဆင့်ခေါ်ထားသည်ဟု တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်မှ ပြောကြားခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားရုံး၌ ကိုအောင်ကိုထွေးသည် နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)ဖြင့် စွဲချက်တင်ခံရစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ကို ခြေထောက်ဖြင့် နင်းခဲ့သည်ဟုဆိုကာ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှူး ရဲမှူး မောင်မောင်မှ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်တထောင်မြို့နယ် တရားသူကြီးမှ အဆိုပါ အမှုကို တရားသေ လွှတ်ပေးခဲ့သည်။ သို့သော် ယခုနှစ် မတ်လတွင် ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးအုန်းသန်းမှ တိုင်းတရားလွှတ်တော်သို့ အယူခံ တင်သွင်းခဲ့ခြင်းဖြစ်သည်။

**မင်းသားတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသား တစ်ဦးကို ရုံးထုတ်**

ဇွန်လ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်သိန်းကျော် နှင့် ရွာသား ဦးကျန်သိန်းအောင်တို့ကို ကျောက်တော်မြို့နယ် တရားရုံး၌ ပထမဆုံးအကြိမ် ရုံးထုတ်ခဲ့သည်။ ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်နွယ်မှုရှိသည်ဟူသော သံသယဖြင့် ၎င်းတို့ နှစ်ဦးကို မေလ ၂၉ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

**တရားလိုပြသက်သေများ လာရောက်ခြင်း မရှိ၍ ကိုဆွေဝင်းအမှုကို ပယ်ဖျက်ပေးရန် လျှောက်ထား**

Myanmar Now သတင်းဌာနမှ အယ်ဒီတာချုပ် ကိုဆွေဝင်း၏ အမှုတွင် အဓိကတရားလိုပြ သက်သေများ

ဖြစ်သည့် ဦးဂီရသူ နှင့် ရဲအုပ်ကျော်သူတို့သည် တရားရုံးမှ ဆင့်ခေါ်မှုကို အကြိမ် ၂၀ ကျော် ထိလာရောက်ခြင်းမရှိ၍ အမှုအား ပယ်ဖျက်ပေးရန် ဇွန်လ ၁၇ ရက်နေ့တွင် တရားရုံးကို လျှောက်ထားခဲ့ကြောင်း ကိုဆွေဂင်း၏ ရှေ့နေဖြစ်သူ ဒေါ်ရွက်နအောင်မှ ပြောကြားခဲ့သည်။ ကိုဆွေဂင်းသည် ဦးဂီရသူကို လူမှုကွန်ရက်စာမျက်နှာတွင် ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်သည်ဆိုကာ ဦးဂီရသူ၏ တပည့် ဦးကျော်မျိုးရွှေမှ တရားလိုပြုလုပ်ပြီး ကိုဆွေဝင်းကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လတွင် မဟာအောင်မြေမြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### သာယာဝတီမြို့နယ် NLD ပြန်ကြားရေး တာဝန်ခံကို ပုဒ်မ ၆၆ (ဃ)ဖြင့် ထောင်ဒဏ် ချမှတ်

ပဲခူးတိုင်း၊ စည်ပင်နှင့် လူမှုရေးဝန်ကြီးဟောင်း ဦးမောင်မောင်လွင်ကို လူမှုကွန်ရက်စာမျက်နှာတစ်ခုမှ ဂုဏ်သိက္ခာ ကျဆင်းစေရန် ရေးသားထားသည်ကို ပြန်လည်ကူးယူးဖော်ပြခဲ့ခြင်းအတွက် ဇွန်လ ၁၇ ရက်နေ့တွင် သာယာဝတီ ခရိုင်တရားရုံးမှ သာယာဝတီမြို့နယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD) သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ကိုဂျာလေး (ခ)ကိုဝင်းဇော်ထွန်းကို ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ)ဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ စည်ပင်နှင့် လူမှုရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ယင်းသို့ ကူးယူဖော်ပြခဲ့သဖြင့် ၂၀၁၈ ခုနှစ်၊ မတ်လဆန်းတွင် ဦးမောင်မောင်လွင်မှ အမှုဖွင့်ခဲ့ပြီး သာယာဝတီခရိုင် တရားရုံးမှ ထောင်ဒဏ် တစ်ရက်နှင့် ဒဏ်ငွေ သုံးသိန်း ချမှတ်ခဲ့ပြီးဖြစ်သည်။ သို့သော် တရားလို ဦးမောင်မောင်လွင်မှ ကျေနပ်ခြင်းမရှိသဖြင့် ခရိုင်သို့ ဆက်တက်သောကြောင့် စစ်ဆေးခဲ့ပြီးနောက် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကိုဂျာလေး(ခ)ကိုဝင်းဇော်ထွန်းကို ထောင်ဒဏ် ခြောက်လ အမိန့်ချမှတ်ခဲ့သော်လည်း ဖမ်းဆီးခြင်း မရှိသေးပါ။

### ကရင်ပြည်နယ်အတွင်း လယ်သမားအရေး ဆန္ဒထုတ်ဖော်သူများကို ငွေဒဏ်ချမှတ်

ဇွန်လ ၁၉ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ် တရားရုံးမှ ကရင်ပြည်နယ်အတွင်း လယ်သမားအရေး ဆန္ဒထုတ်ဖော်ပွဲများ၌ ဦးဆောင်သူများကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေ ပုဒ်မများဖြင့် ငွေဒဏ်ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ၈၈ ကရင်မျိုးဆက် ကျောင်းသားများ လူမှုဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်မှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးစောမောင်ကြီးကို ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ဒဏ်ငွေကျပ် သုံးသောင်းနှင့် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၂၀ ဖြင့် ဒဏ်ငွေ ကျပ် တစ်သောင်းပေးဆောင်စေရန် အမိန့် ချမှတ်ခဲ့သည်။ ကျန်ဦးဆောင်သူ အဖွဲ့ဂင် နှစ်ဦးနှင့် လယ်သမား တစ်ဦးတို့ကို ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၂၀ ဖြင့် ဒဏ်ငွေ သုံးသောင်းကျပ်စီ ပေးဆောင်စေရန် အပြီးသတ် အမိန့်ချမှတ်ခဲ့သည်။

### လယ်ယာမြေအရေးလှုပ်ရှားသူ နှစ်ဦးကို ထောင်ဒဏ် တစ်လစီချမှတ်

ဇွန်လ ၂၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တရားရုံး တွဲဖက်မြို့နယ် တရားသူကြီး(၂) မှ လယ်ယာမြေအရေး လှုပ်ရှားသူ နှစ်ဦးဖြစ်သည့် ကိုတိုးကြီးနှင့် ကိုမျိုးဝင်းတို့ကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၂၀ ဖြင့် ထောင်ဒဏ် တစ်လစီ အမိန့်ချမှတ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော် အနောက်ကမ်းနားလမ်းမှ ဖမ်းဆီးခြင်းခံထားရသော တောင်သူ ခြောက်ဦးကို အမြန်ဆုံးပြန်လွှတ်ပေးရန် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ရာတွင် ကိုတိုးကြီးမှ ဦးဆောင် ဆန္ဒပြသူတစ်ဦးအနေဖြင့် ခွင့်ပြုမိန့်ရယူခဲ့သော်လည်း ဟောပြောသူစာရင်းတွင် လယ်သမားအရေး လှုပ်ရှားသူ ကိုမျိုးဝင်း မပါဘဲ ဟောပြောခဲ့ခြင်းကြောင့် ကိုတိုးကြီးနှင့် ကိုမျိုးဝင်းတို့ကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၂၀ ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

### လယ်ယာမြေအရေးလှုပ်ရှားသူ နှစ်ဦးကို ထောင်ဒဏ် လေးလစီ ချမှတ်

ဇွန်လ ၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် တရားရုံးမှ လယ်ယာမြေအရေး လှုပ်ရှားသူ ကိုမျိုးဝင်းနှင့် ကိုအေးသိန်းတို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ (ငြိမ်း၊စု၊စီ)ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် လေးလစီချမှတ်ခဲ့သည်။ ပုသိမ်ကြီးမြို့နယ်တွင် မြေသိမ်းဆည်းခြင်းခံရသည့် တောင်သူများ မြေပြန်လည်ရရှိရေးအတွက် သပိတ်စခန်း ဖွင့်ရာ၌ ပါဝင်သည်ဟု စွပ်စွဲခြင်းခံရကာ ကိုမျိုးဝင်းနှင့် ကိုအေးသိန်းတို့သည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၈ ဖြင့်

တရားစွဲဆိုခြင်းခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် အချုပ်နှင့် အမှုရင်ဆိုင်ခဲ့ရပြီး ပြစ်ဒဏ်ထက် ပို၍ကျော်လွန်ကာ အကျဉ်းထောင်တွင်း ကျခံခဲ့ရသည့်အတွက် ကိုအေးသိန်းသည် အမိန့်ချမှတ်သည့်နေ့တွင်ပင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ဖွန်လ ၂၀ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်တရားရုံးမှ ကိုမျိုးဝင်းကို ငြိမ်းစုစီဥပဒေ ပုဒ်မ ၂၀ ဖြင့် ထောင်ဒဏ် တစ်လ ချမှတ်ထားသည့်အတွက် ကိုမျိုးဝင်းသည် လွတ်မြောက်လာခြင်း မရှိသေးပါ။

## ရန်ကင်းမြို့နယ်တရားရုံးမှ MDCF ခေါင်းဆောင် ကိုထင်ကျော်အား အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်ချမှတ်

ဖွန်လ ၂၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်တရားရုံးမှ ဒီမိုကရေစီရေး စဉ်ဆက်မပြတ်လှုပ်ရှားမှု အင်အားစု(MDCF)အဖွဲ့ခေါင်းဆောင် ကိုထင်ကျော်ကို နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွင်း၌ ရန်ကင်းမြို့နယ်တရားရုံးရှေ့၌ ကိုထင်ကျော်သည် အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရားစီရင်ရေးတို့ကို ဝေဖန်ခဲ့ခြင်းအတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ရန်ကင်းမြို့နယ် ဒုတိယအထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းမှ တရားလိုပြုလုပ်၍ ကိုထင်ကျော်ကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

# ▶ ထောင်တွင်းအခြေအနေများ

## အကျဉ်းထောင်များ၌ တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း မြင့်လာ

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ် ဝင်တန်းစာမေးပွဲကို အကျဉ်းထောင် စာစစ်ဌာန ကိုးခုမှ အကျဉ်းသား/သူ ၁၇၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၄ ဦး အောင်မြင်ခဲ့ပြီး ၇၇ ဦးကျရှုံးခဲ့ကာ အောင်ချက် ရာခိုင်နှုန်းသည် ၅၄. ၉၇ ရှိကြောင်း အကျဉ်းဦးစီးဌာနမှ သိရှိရသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၄၇ ဦးအောင်မြင်ခဲ့ပြီး အောင်ချက်အနေဖြင့် ၄၅.၁၉ ရာခိုင်နှုန်းရှိခဲ့သည်။

## ထောင်သုံးခုတွင် အကျဉ်းသားဦးရေ ၂၀၀ ရာခိုင်နှုန်း ကျော်လွန်

မြစ်ကြီးနား၊ လားရှိုးနှင့် ညောင်ရွှေမြို့နယ်များရှိ အကျဉ်းထောင်များတွင် အကျဉ်းသားဦးရေသည် ရှိသင့်သည့် ပမာဏထက် ၂၀၀ ရာခိုင်နှုန်းကျော်လွန်နေကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC)မှ အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ အကျဉ်းသားဦးရေ တစ်ထောင်အတွက်သာ ဆောက်လုပ်ထားသော အဆိုပါ ထောင်များတွင် အကျဉ်းသားဦးရေ သုံးထောင်ကျော်ခန့်ရှိနေကြောင်း ၎င်းမှ ဆိုသည်။ ထို့ပြင် အကျဉ်းသားဦးရေ ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်သော အကျဉ်းထောင် ခုနစ်ခု၊ ၉၀ ရာခိုင်နှုန်းထက်ကျော်လွန်နေသော အကျဉ်းထောင် နှစ်ခု၊ ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်နေသော အကျဉ်းထောင် နှစ်ခုနှင့် ၄၀ ရာခိုင်နှုန်းထက် ကျော်လွန်နေသော အကျဉ်းထောင် သုံးခုလည်း ရှိနေကြောင်း ၎င်းမှ ထပ်မံပြောကြားခဲ့သည်။ ထိုသို့ အကျဉ်းသားများ ပိုလျှံနေ၍ အကျဉ်းထောင်များတွင် အိပ်စရာ နေရာနှင့် မိလ္လာအသုံးပြုရာတွင် အခက်အခဲများ အဓိက ဖြစ်ပေါ်နေသည်ဟု ဦးယုလွင်အောင်မှ ဆိုသည်။ ကော်မရှင်မှ အဆိုပါ အခြေအနေများကို နိုင်ငံတော်သမ္မတနှင့် ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြထားသည်။

# ▶ ထောင်မှ လွတ်မြောက်မှုများ

## ဖမ်းဆီးခြင်းခံရသည့် မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာမှ ရွာသား နှစ်ဦး ပြန်လည်လွတ်မြောက်

တပ်မတော်မှ ဖမ်းဆီးထားသော ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာမှ ကိုအောင်ကျော်နိုင်နှင့် ကိုစိုးစိုးအောင်တို့သည် ဖွန်လ ၅ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၎င်းတို့နှစ်ဦးအား မြောက်ဦးမြို့သစ် ထမ္မရာဇ်ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ ၎င်းတို့ နှစ်ဦးတွင် ကိုစိုးစိုးအောင်သည် မသန်စွမ်းသူဖြစ်ပြီး ကိုအောင်ကျော်နိုင်သည် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊ စစ်တပ်မှ လာရောက်စစ်ဆေးစဉ် ၎င်းတို့၏ မိသားစုများမှ တင်ပြခဲ့ပြီးနောက် ယခုကဲ့သို့ ပြန်လည် လွတ်မြောက်လာခြင်း ဖြစ်သည်။

## မတရားသင်းဆက်သွယ်မှုဖြင့် ဖမ်းဆီးခြင်းခံထားရသည့် ရွာသားနှစ်ဦးကို အမှုမှ အပြီးသတ်လွှတ်ပေး

ဖွန်လ ၁၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် တရားရုံးမှ သရက်ပြင်ကျေးရွာသား နှစ်ဦးဖြစ်သော ဦးဌေးအောင်နှင့် ဦးမောင်ကျော်ဝင်းတို့ကို

မတရားအသင်းဆက်သွယ်မှု ဥပဒေ ပုဒ်မ ၁၇ (၁)(၂) ဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ မှ တရားစွဲထားခြင်းကို ပယ်ချခဲ့ပြီး ၎င်းတို့ကို အပြီးသတ် လွှတ်ပေးခဲ့သည်။ မေလ ၂၈ ရက်နေ့တွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ ဒု-ရဲအုပ် မျိုးဇော်ဦး မှ တရားလို ပြုလုပ်၍ သရက်ပြင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်သန်းလှိုင်၊ ဦးအောင်ထွန်းစိန်၊ ဦးဌေးအောင်နှင့် ဦးမောင်ကျော်ဝင်းတို့ကို ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်နွယ်မှုရှိသည်ဟူသော စွပ်စွဲချက်ဖြင့် အမှုဖွင့်ခဲ့ သည်။ ဦးမောင်သန်းလှိုင်နှင့် ဦးအောင်ထွန်းစိန်တို့ကို မူလကတည်းက စွဲချက်မတင်ဘဲ တရားရုံးမှ လွှတ်ပေး ခဲ့သည်။ ဦးဌေးအောင်နှင့် ဦးမောင်ကျော်ဝင်းတို့ကို စွဲချက်တင်ထားရာမှ တရားလိုပြသက်သေ ခုနစ်ဦး၏ မှန်ကန်သည့် ထွက်ဆိုချက်များကြောင့် တရားသူကြီးမှ ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု တရားလွှတ်တော် ရှေ့နေ ဒေါ်အေးနုစိန်မှ ပြောကြားခဲ့သည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## တပ်မတော်မှ ခေါ်ဆောင်သွားခဲ့သည့် ဆင်သီရွာသား နှစ်ဦး ပြန်လည် လွတ်မြောက်

ဇွန်လ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဆင်သီကျေးရွာမှ ရာအိမ်မှူး နှစ်ဦးဖြစ်သည့် အသက် ၅၆ နှစ်အရွယ် ဦးစံသိန်းလှနှင့် အသက် ၄၆ နှစ်အရွယ် ဦးအောင်စံလှိုင်တို့ နှစ်ဦးကို တပ်မတော်မှ လမ်းပြအဖြစ် ခေါ်ဆောင်သွားခဲ့ပြီး ထိုနေ့ညနေပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်ဟု ပုဏ္ဏားကျွန်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်မှ ပြောကြားခဲ့သည်။ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်စစ်ကြောင်းမှ ဆင်သီကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး ရွာသူ၊ရွာသားများကို စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီးနောက် ဦးစံသိန်းလှနှင့် ဦးအောင်စံလှိုင်တို့ နှစ်ဦးကို လမ်းပြအဖြစ် ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း ဦးခင်မောင်လတ်မှ ပြောကြားခဲ့သည်။ တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ တပ်မတော်အနေဖြင့် လမ်းပြအဖြစ် ခေါ်ဆောင်သွားခြင်းမရှိကြောင်းနှင့် ထိုဆင်သီကျေးရွာသား နှစ်ဦးကို ဆက်လက် စစ်ဆေးမေးမြန်းရန် လိုအပ်ခြင်းကြောင့် ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

## မင်းပြားမြို့နယ်တွင် ဘုန်းကြီးကျောင်းရှေ့၌ လက်နက်ကြီးကျရောက် ပေါက်ကွဲ၍ ခြောက်ဦးသေဆုံး၊ ရှစ်ဦး ဒဏ်ရာရရှိ

ဇွန်လ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ စပါးထားကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းရှေ့၌ လက်နက်ကြီးကျည်ဆန် ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် ဒေသခံရွာသား ခြောက်ဦးသေဆုံးခဲ့ပြီး ရှစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ရွာသားလေးဦးသည် ယင်းနေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်ပြီး နှစ်ဦးသည် မင်းပြားဆေးရုံသို့ အရောက်တွင် ထပ်မံသေဆုံးသွားခဲ့ကြောင်း စပါးထားကျေးရွာသားများမှ ပြောကြားခဲ့သည်။ စပါးထားကျေးရွာအနီးတွင် ထိုနေ့နံနက်ပိုင်း၌ မြန်မာ့တပ်မတော်နှင့် ရက္ခိုင့် တပ်မတော် (AA)တို့ တိုက်ပွဲဖြစ်ပွားနေသဖြင့် ရွာသူ၊ရွာသားများသည် ဘုန်းတော်ကြီးကျောင်းသို့ ထွက်ပြေး ခိုလှုံနေစဉ် လက်နက်ကြီး ကျရောက် ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

## AA လက်နက်ကိုင်အဖွဲ့မှ ရဟန်းတစ်ပါးနှင့် အမျိုးသမီးတစ်ဦးကို လက်ထပ်ပေး

ရက္ခိုင့်တပ်မတော်(AA)မှ ရေစိုးချောင်းကျေးရွာမှ ဆရာတော် ဦးနန္ဒမာလနှင့် အဆိုပါကျေးရွာနေ ဒေါ်မဲမချေတို့ကို တပ်မတော် သတင်းပေးဟုဆိုကာ ဖမ်းဆီးခဲ့ပြီး လက်ထပ်ပေးခဲ့ကြောင်း ဇွန်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ဧပြီလ ၂၃ ရက်နေ့တွင် ဆရာတော် ဦးနန္ဒမာလသည် စစ်တွေမြို့၌ ဆေးကုသရန် ရောက်ရှိနေစဉ် AA မှ ဒေါ်မဲမချေအား တပ်မတော် သတင်းပေးဟုဆိုကာ ဖမ်းဆီးထားပြီး ဆရာတော်ကိုယ်တိုင်ပြန်လာမှ လွှတ်ပေးမည်ဟု ဖုန်းဆက်ခဲ့သည်။ ထို့ကြောင့် ဆရာတော်သည် ရွာသို့ပြန်လာရာ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာသို့အရောက်တွင် အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူး မောင်သောင်းချေနှင့် AA အဖွဲ့ဝင် ၁၀ ဦးတို့မှ ဆရာတော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ဆရာတော်ကို တပ်မတော် သတင်းပေးဟု စွပ်စွဲသည့်အပြင် လွန်ခဲ့သည့် ၁၀ နှစ်က ဒေါ်မဲမချေနှင့် ပေါင်းသင်းခဲ့သည်ဟု စွပ်စွဲကာ ဆရာတော်နှင့် ဒေါ်မဲမချေကို အဓမ္မလက်ထပ် ပေးခဲ့သည့်အပြင် ဆရာတော်တွင် ပါရှိသည့် ငွေ ၂၈ သိန်းနှင့် ဖုန်းတစ်လုံးကို ယူဆောင်သွားကြောင်း ရဲတပ်ဖွဲ့မှ ဆိုသည်။

## AA မှ ဖမ်းဆီးထားသည့် ရွာသားများကို လွှတ်ပေးရန် ချင်းလူ့အခွင့်အရေးအဖွဲ့ တောင်းဆို

ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်၊ ကင်းတလင်းကျေးရွာမှ ရွာသား ၅၂ ဦးကို ရက္ခိုင့်တပ်မတော် (AA)အဖွဲ့မှ အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးထားသည်မှာ လေးလနီးပါးရှိသော်လည်း ၎င်းတို့ မိသားစုဝင်များနှင့် အဆက်အသွယ် ရရှိခြင်းမရှိသောကြောင့် ၎င်းတို့ကို အမြန်ဆုံး ပြန်လွှတ်ပေးရန် ချင်းလူ့အခွင့်အရေးအဖွဲ့မှ ဇွန်လ ၃ ရက်နေ့တွင် ထုတ်ပြန် တောင်းဆိုခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် AA တပ်ဖွဲ့ဝင်များသည် ကင်းတလင်းရွာသို့ ဝင်ရောက်လာခဲ့ပြီး ရွာသားများကို ခရစ်ယာန်ဘုရားကျောင်းတွင် စုဝေးစေ၍ အတင်းအဓမ္မ ခေါ်ဆောင်မှုများ ပြုလုပ်ခဲ့သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ ကင်းတလင်းရွာသား ၅၄ ဦးကို

အတင်းအဓမ္မခေါ်ဆောင်သွားသော်လည်း လမ်းတွင် ဒေသခံ နှစ်ဦးသည် ထွက်ပြေးလွတ်မြောက်လာခဲ့သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ ထိုချင်းတိုင်းရင်းသားများကို ဘင်္ဂလားဒေ့ရှ်- မြန်မာနယ်စပ်တွင်ရှိသည့် AA စခန်းတစ်နေရာတွင် ထိန်းသိမ်းထားပြီး စခန်းအပြင်သွားလာခွင့်ကို ပိတ်ပင်ထားသည်ဟု ချင်းလူ့အခွင့်အရေး အဖွဲ့၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

### ကျောက်တော်မြို့နယ်တွင် ရပ်ကျေးအုပ်ချုပ်ရေးမှူး ၅၀ နီးပါး နုတ်ထွက်စာတင်

ဇွန် လ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်ချုပ်ရေးမှူး ၄၅ ဦးသည် တံဆိပ်တုံးများ ကို အပ်နှံကာ နုတ်ထွက်စာတင်ခဲ့ကြသည်။ ၎င်းတို့မြို့နယ်အတွင်းရှိ မင်းသားတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွှေပြည်ကျေးရွာ တာဝန်ခံတို့သည် လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ တပ်မတော်၏ ဖမ်းဆီးခြင်းကို ခံနေရသဖြင့် ၎င်းတို့၏ ဘဝလုံခြုံခြင်း မရှိတော့သည့်အတွက် နုတ်ထွက်စာ တင်ခဲ့ခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ပြောကြားခဲ့သည်။

### ဖမ်းဆီးခြင်းခံထားရသည့် အောင်သပြေကျေးရွာသား အိုးဘိုထောင်တွင်း၌ သေဆုံး

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာအနီးရှိ ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံကို ကန့်ကွက်ဆန္ဒပြခဲ့ခြင်းကြောင့် ရာဇသတ်ကြီးပုဒ်မ ၄၃၆/၄၄၀/၃၃၆/၁၁၄ တို့ဖြင့် ဖမ်းဆီး၊ အမှုဖွင့်ခြင်းကို ခံထားရသည့် အောင်သပြေကျေးရွာသား ကိုထွန်းမြင့်ဝင်း(ခ)ကိုထွန်းသည် အိုးဘိုထောင်တွင်း၌ ဇွန်လ ၅ ရက်နေ့ နံနက်တွင် သေဆုံးသွားခဲ့သည်။ ကိုထွန်းမြင့်ဝင်း(ခ)ကိုထွန်းသည် မန္တလေး ဗဟိုအကျဉ်းထောင်(အိုးဘို)သို့ ဇွန်လ ၃ ရက်နေ့တွင် ရောက်ရှိခဲ့ကာ အရက် ကြောင်ကြောင်နေ၍ ဇွန်လ ၄ ရက်နေ့တွင် အကျဉ်းထောင်ဆေးရုံ၌ ဆေးကုသမှု ခံယူခဲ့ရပြီး ဇွန်လ ၅ ရက်နေ့၌ သေဆုံးသွားခဲ့ခြင်း ဖြစ်သည်ဟု မိသားစုသို့ပေးသည့် ထောင် အမိန့်ပြန်တမ်းတွင် ဖော်ပြထားသည်။ ကိုထွန်းမြင့်ဝင်း(ခ)ကိုထွန်း သေဆုံးချိန်၌ ခန္ဓာကိုယ်တစ်ခုလုံးတွင် ညိုမဲဒါဏ်ရာ၊ ပွန်းပဲ့ဒဏ်ရာများနှင့်အတူ နောက်ဂုတ်ပိုးတွင်လည်း ပြတ်ရှ ဒါဏ်ရာများ တွေ့ရှိခဲ့ရခြင်းကြောင့် အမှုမှန် အမြန်ဆုံး ဖော်ထုတ်ပေးစေချင်သည်ဟု ၎င်း၏ မိသားစုမှ ပြောကြားခဲ့သည်။ သေဆုံးသူသည် ဖမ်းဆီးထိန်းသိမ်းခြင်း မခံရခင်က ရောဂါမရှိဘဲ ကျန်းကျန်းမာမာဖြင့် လုပ်ကိုင် စားသောက်နေသူဖြစ်ပြီး မြင့်ကုမ္ပဏီမှ လမ်းဖောက်ရာတွင် လမ်းမပေးခဲ့ဘဲ ကန့်ကွက်သဖြင့် လမ်းတံတား ဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရသော အသက် ၇၀ ကျော် အဘွား ဒေါ်အေး၏သား ဖြစ်ကြောင်း သိရှိရသည်။ ဇွန်လ ၂ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ ကိုထွန်းမြင့်ဝင်း(ခ)ကိုထွန်းကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကိုထွန်းမြင့်ဝင်း(ခ)ကိုထွန်းသည် လက်သမားလုပ်ငန်း လုပ်ကိုင်ရန် သွားရောက်စဉ် ပဋိပက္ခဖြစ်စဉ်တွင် ပါဝင်သည်ဟု ဆိုကာ ဖမ်းဆီးခြင်းခံခဲ့ရပြီး အိုးဘိုထောင်သို့ လွှဲပြောင်း ထိန်းသိမ်းခဲ့ရာမှ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ကိုထွန်းမြင့်ဝင်း(ခ)ကိုထွန်း သေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး ဌာနတွင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ကာ ဇွန်လ ၈ ရက်နေ့၌ စတင် စစ်ဆေးနေပြီဟု နေပြည်တော် အကျဉ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ ပြောကြားခဲ့သည်။

### ပုဏ္ဏားကျွန်းမြို့နယ်တွင် လက်နက်ကြီးပေါက်ကွဲ၍ တစ်ဦး သေဆုံး၊ သုံးဦး ဒဏ်ရာရ

ဇွန်လ ၅ ရက်နေ့ ညနေတွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဂဏန်းမဲကျေးရွာ၌ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ရွာသားတစ်ဦး သေဆုံးသွားခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအနက် တစ်ဦးသည် ဒဏ်ရာပြင်းထန်ခြင်းကြောင့် စစ်တွေဆေးရုံသို့ ပို့ဆောင်ထားပြီး ကျန်သည့်နှစ်ဦးသည် ပုဏ္ဏားကျွန်းဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှုခံယူလျှက်ရှိသည်။

### ကချင်၊ ရခိုင်နှင့် ရှမ်းဒေသများရှိ စစ်ပွဲများ ရပ်တန့်ရေး လူငယ်များ စုပေါင်း ဆန္ဒထုတ်ဖော်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားလျှက်ရှိသော စစ်ပွဲများ ရပ်တန့်ရေးအတွက် ဇွန်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကချင်လူငယ်အဖွဲ့(ရန်ကုန်)၊ ရခိုင်ကျောင်းသား သမဂ္ဂ၊ လူ့ဘောင်သစ်လူငယ်အဖွဲ့တို့မှ ဆန္ဒထုတ် ဖော်ခဲ့ကြသည်။ ယင်းဆန္ဒထုတ်ဖော်ပွဲကို ခွင့်ပြုချက်မတင်ဟုဆိုကာ သက်ဆိုင်ရာ ထွေအုပ်နှင့် ရဲတပ်ဖွဲ့ဝင်တချို့မှ လာရောက် တားဆီးမှုများ ရှိသော်လည်း ဆက်လက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

### ရခိုင်ပြဿနာ တွေ့ဆုံညှိနှိုင်းအဖြေရှာရန်နှင့် ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန် တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်

ရခိုင် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် မဖြေရှင်းဘဲ နှစ်ဖက်တွေ့ဆုံညှိနှိုင်းအဖြေရှာရန်နှင့် မတရား ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရပြီး တရားရင်ဆိုင်နေရသူများကို လွှတ်ပေးရန် ဘူးသီးတောင်မြို့ခံတစ်ဦးမှ တစ်ကိုယ်တော် ဆန္ဒ ထုတ်ဖော် တောင်းဆိုခဲ့သည်။ ဇွန်လ ၈ ရက်နေ့တွင်

ဘူးသီးတောင်မြို့ခံ၊ ရခိုင်လူငယ်ညီလာခံ မူဝါဒဖော်ဆောင်ရေး အဖွဲ့ဝင် တစ်ဦးဖြစ်သူ ကိုမင်းသိဂ်ါးဖုံသည် ဘူးသီးတောင်မြို့ကို လှည့်လည်၍ တောင်းဆိုဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

## ပုဏ္ဏားကျွန်းမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုကို တပ်မတော် ဝိုင်းထား

ဇွန်လ ၁၀ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောပြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော စစ်ဘေးရှောင် စခန်းအား လာရောက် ဝိုင်းထားခဲ့သည်။ အဆိုပါ စစ်ဘေးရှောင် စခန်းကို ဇွန်လ ၁၀ ရက်နေ့ နံနက်ပိုင်း၌ တပ်မ ၂၂ တံဆိပ်ပါ တပ်မတော်သားများမှ အထက် အမိန့်အရဟုဆိုကာ စစ်ဆေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း စစ်ဘေးရှောင်အရေးကို ကူညီဆောင်ရွက်ပေးနေသူ သဘာဝနဒီ ဆရာတော်မှ မိန့်ကြားခဲ့သည်။ ဇွန်လ ၁၁ ရက်နေ့တွင် စစ်ဘေး ရှောင်စခန်းကို တပ်မတော်သား ငါးဦး၊ ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် လ.ဝ.က ဝန်ထမ်း နှစ်ဦးတို့ကို ဝင်ရောက် စစ်ဆေးခွင့်ပြုခဲ့သည်။

## ကျောက်တော်မြို့နယ်၊ ဖက်ဝမ်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး မြေမြှုပ်မိုင်းထိမှန် ဒဏ်ရာရ

ဇွန်လ ၁၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဖက်ဝမ်းချောင်းကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးရဲထွန်းသည် မြေမြှုပ်မိုင်းနင်းမိ၍ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒဏ်ရာရရှိခဲ့ပြီး ကျောက်တော်ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူနေရသည်။ ဦးရဲထွန်းသည် မျှစ်ချိုးသွားခဲ့စဉ် မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်းဖြစ်သည်။

## ကျောက်တော်မြို့နယ်တွင် AA အဖွဲ့မှ သစ်တောဝန်ထမ်း တစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်

ဇွန်လ ၁ ရက်နေ့တွင် ရက္ခိုင့်တပ်မတော်(AA) အဖွဲ့မှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သရက်တပင်ကျေးရွာနေ သစ်တောဦးစီးဌာနမှ တောခေါင်း ဦးစိန်ထွန်းကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု ဇွန်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ဇွန်လ ၁ ရက်နေ့၊ ညနေ လေးနာရီခွဲတွင် ဦးစိန်ထွန်း အပါအဝင် ငါးဦးသည် လုပ်ငန်းဆောင်ရွက်ပြီး၍ ကျောက်တော်မြို့သို့ ပြန်လာရာ အရပ်ဝတ်ဖြင့် လက်နက်များ ကိုင်ဆောင်ထားသည့် AA အဖွဲ့ဝင် ၁၂ ဦးခန့်မှ ၎င်းတို့အား စစ်ဆေးမေးမြန်းခဲ့သည်။ ထို့နောက် ဦးစိန်ထွန်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ကျန်ရှိသူများကို ပြန်လည် လွှတ်ပေးခဲ့သည်။

## စစ်ရေး တည်ငြိမ်ပါက ဆုထူးစံ လမ်းလုပ်သား ရှစ်ဦးကို ပြန်လွှတ်ပေးမည် ဟု AA ပြောကြား

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း ရက္ခိုင့်တပ်မတော်(AA)မှ ဖမ်းဆီးထားသည့် ဆုထူးစံကုမ္ပဏီမှ လမ်းလုပ်သား ရှစ်ဦးကို စစ်ရေး အခြေအနေတည်ငြိမ်ပါက ပြန်လွှတ်ပေးမည်ဟု AA ၏ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဦးခိုင်သုခမှ ပြောကြားခဲ့သည်။ ဖမ်းဆီးခြင်းခံထားရသူများမှာ ဦးလှမျိုး၊ ဦးကျော်ထွန်း၊ ဦးစောကိုကိုနိုင်၊ ဦးပေါ်ကြီး၊ ဦးသိန်းဇော်၊ ဦးသိန်းဟန်၊ ဦးထွန်းအောင်ကျော်နှင့် ဦးဇော်မျိုးသူတို့ ဖြစ်ကြသည်။ ထိုကုမ္ပဏီဝန်ထမ်း ရှစ်ဦး လွှတ်မြောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးနေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းမှ ပြောကြားခဲ့သည်။

## ကျောက်တန်းရွာ ပစ်ခတ်မှုဖြစ်စဉ် ကွင်းဆင်းစုံစမ်း စစ်ဆေးတွေ့ရှိချက် ထုတ်ပြန်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာတွင် ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှု ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကွင်းဆင်း စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်(MNHRC)မှ ဇွန်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ကျောက်တန်းကျေးရွာ စာသင်ကျောင်းတွင် တပ်မတော်မှ ရွာသား ၂၇၅ ဦးကို ထိန်းသိမ်းထားစဉ် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ရွာသား ခြောက်ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး ကော်မရှင်၏ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ မေလ ၂၈ ရက်နေ့မှ မေလ ၃၀ ရက်နေ့ထိ ကျောက်တန်းကျေးရွာသို့ ကွင်းဆင်း သွားရောက်ခဲ့ပြီး စုစုပေါင်း ၃၈ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းချက်များအရ ခေတ္တထိန်းသိမ်းထားသူများ အနက် ရွာသားတစ်ဦးမှ ထွက်ပြေးရန် ကြိုးစားခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့မှ သေနတ်ဖြင့် အပေါ်သို့ ပစ်ခတ်မှုမှ စတင်ခဲ့ခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် ထွက်ဆိုခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာသားတချို့အပေါ် သံသယရှိသလို ပစ်ခတ်မှုဖြစ်စဉ်ကြောင့် ကျေးရွာသားများဘက်မှလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် စိုးရိမ်ကြောက်ရွံ့မှု များ ဖြစ်ပေါ်နေကြသည်။ သို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံရွာသားများအကြား အပြန်အလှန် ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်သည်ဟု ကော်မရှင်မှ အကြံပြုခဲ့သည်။

### မြောက်ဦးတွင် ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် အရပ်သား ရှစ်ဦးဒဏ်ရာရ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်တွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အရပ်သား ရှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် နှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်ဟု မြောက်ဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်မှ ပြောကြားခဲ့သည်။ ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် မြောက်ဦးမြို့နယ်၊ ကျောက်ကျက်ကျေးရွာ၊ တောင်ဦးရွာ အရှေ့ဘက်နှင့် ကျောက်ဆည်ပြင် ရွာအနီးအနားတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ညနေ ၃ နာရီခန့်တွင် စည်ပင်ကုန်း၊ မောင်သာကုန်း၊ ရွာဟောင်းတော၊ အနီးတစ်ဝိုက်တွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ဦးထွန်းသာစိန်မှ ရွာဟောင်းတောတွင် ရွာသား ငါးဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ အနက်မှ နှစ်ဦးသည် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့်ပြင် မြောက်ဦးမြို့ ရပ်ကွက် တစ်ခုဖြစ်သည့် ဆန်းချဆိပ်ရပ်ကွက်မှ အရပ်သား သုံးယောက်သည် ကျွဲနွားဝယ်၍ အပြန်တွင် ပစ်ခတ်ခြင်း ခံရသည့်အတွက် ဒဏ်ရာရရှိခဲ့ သည်ဟု ပြောကြားခဲ့ သည်။

### ဇိုမီးတော်လှန်ရေးလက်နက်ကိုင်အဖွဲ့မှ ကလေးဒေသခံ တစ်ဦးကို သတိပေးစာ တစ်စောင်နှင့် ကျည်ဆန် တစ်တောင့် ပေးပို့ခဲ

ဇိုမီးတော်လှန်ရေးလက်နက်ကိုင်အဖွဲ့ (Zomi Revolutionary Army)မှ ကလေးမြို့နယ်၊ ပျဉ်းတော်ဦး အုပ်စု၊ ညောင်ကုန်းကျေးရွာမှ ဒေသခံ ဦးသန်းဆောင် ထံသို့ မြွေတောင်၊ ဖားတော်ဒေသရှိ အဖိုးတန်သတ္တုများ တူးဖော်နေသည်ဟု ဆိုကာ သတိပေးစာ တစ်စောင်နှင့် ကျည်ဆန်တစ်တောင့်ကို ဇွန်လ ၁၃ ရက်နေ့၌ ပေးပို့ခဲ့ သည်။ ဦးသန်းဆောင်မှ ၎င်းသည် ထိုသတ္တုတူးဖော်သည့် အလုပ်ကို လုပ်ကိုင်ခြင်းမပြုသည်မှာ ခုနစ်လ ရှိပြီဖြစ် ကြောင်း၊ မီးသွေးဖုတ်၍သာ မိသားစု စားဝတ်နေရေးကို ရုန်းကန်နေရကြောင်း ပြောကြားခဲ့သည်။

### မြေပုံမြို့နယ်တွင် တပ်သတင်းပေးဟု စွပ်စွဲခံရသော ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦး လုပ်ကြံခံရ

ဇွန်လ ၁၈ ရက်နေ့ညတွင် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကမ်းထောင်းကြီးမြို့၊ အလယ်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းမောင်ချေသည် ၎င်း၏နေအိမ်ပေါ်၌ မိသားစုနှင့်အတူ တီဗီထိုင်ကြည့်နေစဉ် သေနတ်သမား တစ်ဦး၏ လုပ်ကြံ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ သေနတ်သမားသည် ၎င်း၏ နေအိမ်ပေါ်သို့ တက်၍ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဦးသန်းမောင်ချေ၏ သားဖြစ်သူကိုရဲရင့်အောင်မှ ဦးသန်းမောင်ချေသည် လွန်ခဲ့သည့် နှစ်လခန့်တွင် ခြိမ်းခြောက်စာ တစ်စောင်ကို ရရှိခဲ့သည့်အတွက် ပဲခူးတိုင်းဘက်သို့ နှစ်လခန့်တိမ်းရှောင်ခဲ့ပြီး ၎င်း၏နေအိမ်သို့ ပြန်ရောက်သည်မှာ ခြောက်ရက်သာ ရှိသေးကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ ရက္ခိုင့်တပ်မတော်(AA)မှ လုပ်ကြံသည်ဟု ထင်မြင်မိကြောင်း၊ ၎င်း၏ ဖခင်ထံသို့ ပေးပို့သည့် ရခိုင်ဘာသာဖြင့် ရေးသားထားသည့် စာအတွင်းတွင် စစ်တပ်နှင့်ပေါင်း၍ သတင်းပေးသည်ဟု ရေးသားထားကြောင်း ပြောကြားခဲ့ သည်။

### ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး ငါးဦးကို KNU မှ ဖမ်းဆီးထား

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မိဖိုင်းကျေးရွာအုပ်စုရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး/ဆယ်အိမ်မှူး ငါးဦးတို့ကို ဇွန်လ ၁၈ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်ဟု ကရင်အမျိုးသား အစည်းအရုံး (KNU/KNLA)တပ်မဟာ(၁) မိဖိုင်း (ဂွင်မှူး) စောမောင်နူမှ အတည်ပြု ပြောကြားခဲ့သည်။ ကရင်အမျိုးသား အစည်းအရုံး(KNU)တွင် ဆေးသင်တန်း တက်ရောက်ရန်အတွက် လူငယ်များကို ပို့ပေးရန် ကျေးရွာများကို ပြောဆိုထားသည်မှာ ကြာပြီဖြစ်သော်လည်း ရွာအုပ်ချုပ်ရေး တာဝန်ရှိသူများအနေဖြင့် အကြောင်းပြန်ကြားခြင်းမရှိ၍ အထက်အမိန့်အရ ခေါ်ယူထိန်းသိမ်းထားခြင်း ဖြစ်သည်ဟု စောမောင်နူမှ ပြောကြားခဲ့သည်။

### ဘားအံခရိုင် မိဖိုင်းတောင်ခြေ၌ ရွာသား တစ်ဦး မှုစ်ချိုးသွားစဉ် မြေမြှုပ်မိုင်းထိ

ဇွန်လ ၁၈ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ မိဖိုင်းကျေးရွာအုပ်စု၊ တုတ်ကြီးကျေးရွာအပြင် တောစပ်တွင် အသက် ၁၇ နှစ်အရွယ် စောညဏ်မင်းသည် မှုစ်တူးနေစဉ် မြေမြှုပ်မိုင်းနင်းမိ၍ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကာ ဒဏ်ရာရရှိခဲ့သည်။ ယာဘက်ခြေထောက် ဒူးခေါင်းအရင်းအထိ ဒဏ်ရာရရှိသွားသည့်အတွက် ၎င်းကို ကမမောင်းဆေးရုံမှ တစ်ဆင့် ဘားအံ ဆေးရုံသို့ တင်ပို့ခဲ့ရ သည်။

### ဘူးသီးတောင်တွင် တပ်ပြေးတစ်ဦး ပစ်ခတ်၍ ဈေးသည် တစ်ဦး သေဆုံး

ဇွန်လ ၂၃ ရက်နေ့၊ နံနက် ၇ နာရီကျော်ခန့်အချိန်တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဂုပ်ပီရွာမှ အသက်

၃၅ နှစ်အရွယ်ရှိ ကုန်စုံဆိုင်ရောင်းသူ ဦးသာဖုံအောင်သည် တပ်မတော် တပ်မ ၂၂ မှ တပ်ပြေးတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သည်။ ဦးသာဖုံအောင်သည် ကုန်စုံဆိုင်ရောင်းနေစဉ် ပစ်ခတ်သူမှ ဆိုင်ရှိ စားစရာပစ္စည်းများကို ယူဆောင်၍ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ၎င်းသည် စက်တပ်မော်တော်ဖြင့် ထွက်ပြေးသွားခဲ့သည်။

## ပုဏ္ဏားကျွန်းတွင် တည်းခင်းသွားသည့် အရပ်သားတစ်ဦး မိုင်းနင်းမိ၍ ဒဏ်ရာပြင်းထန်စွာ ရရှိ

ဇွန်လ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ထုံးပူးကျေးရွာမှ မြို့တိုင်းရင်းသား ဦးထွန်းမောင်သည် အပေါင်းအဖော်တစ်ဦးနှင့်အတူ တည်းခင်းသို့သွားရာ လမ်းတွင် မိုင်းနင်းမိ၍ ပေါက်ကွဲမှု ဖြစ်ပွားခဲ့၍ ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့သည်။ ဦးထွန်းမောင်၏ ခြေထောက်တစ်ဖက်သည် ပြတ်လုနီးပါး ဖြစ်သွားခဲ့ပြီး နောက်ခြေတစ်ဖက်တွင်လည်း ဒဏ်ရာ အပြင်းအထန် ရရှိခဲ့သည်။ ထို့ကြောင့် ဆေးကုသမှုခံယူရန် ၎င်းကို စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

## မြောက်ဦး၌ ပေါက်ပင်ကွင်းရွာသားတစ်ဦး သေနတ်ကျည်ဆံထိမှန်၍ ဆေးရုံရောက်

ဇွန်လ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်ပင်ကွင်းကျေးရွာမှ ကိုကျော်ဝင်းထွန်းသည် လယ်ထွန်ပြီး နောက် ရေချိုးရန် ချောင်းသို့ဆင်းလာစဉ် တပ်မှ တောင်ကုန်းမှနေ၍ သေနတ်ဖြင့် လှမ်းပစ်သောကြောင့် ဒဏ်ရာရရှိသွားခဲ့ သည်။ ကိုကျော်ဝင်းထွန်းသည် တိမ်ညိုဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ဟု သိရှိရသည်။

## တရုတ်နယ်စပ် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးကို မူဆယ် ရဲလုံခြုံရေးအဖွဲ့မှ ရိုက်နှက်၍ ဒဏ်ရာများစွာရရှိ

ဇွန်လ ၂၃ ရက်နေ့တွင် တရုတ်ပြည်ဘက်ခြမ်းသို့ အလုပ်ပြန်သွားလုပ်ရန် မော်တော်ဆိုင်ကယ်ဖြင့် တန်းစီနေသည့် ကိုစိုင်းထွန်းကို မူဆယ် ရဲလုံခြုံကင်းအဖွဲ့မှ ဖမ်းဆီးချုပ်နှောင်၍ ရိုက်နှက်သောကြောင့် ဒဏ်ရာ အပြင်းအထန်ရရှိသွားခဲ့သည်။ ထို့ကြောင့် ကိုစိုင်းထွန်းသည် မူဆယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်။ လက်ရှိတွင် ကိုစိုင်းထွန်းသည် နားတစ်ဘက် မကြားရတော့သည့်အပြင် ၎င်း၏ မျက်လုံးတစ်ဘက်သည်လည်း ရှင်းလင်းစွာ မြင်တွေ့ရခြင်း မရှိတော့ကြောင်း၊ ၎င်းအတွက် တရားမျှတမှုရရှိစေရန် မူဆယ် လွှတ်တော်အမတ်များမှ ကူညီဆောင်ရွက်ပေးနေကြောင်း လွှတ်တော်အမတ် စိုင်းကျော်သိန်းမှ ပြောကြားခဲ့သည်။

## ကျောက်တော်မဟာမြတ်မုနိဘုရားအနီးတွင် တိုက်ပွဲဖြစ်၍ အရပ်သား တစ်ဦး ဒဏ်ရာရရှိ

ဇွန်လ ၂၆ ရက်နေ့ နံနက်တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မဟာမြတ်မုနိဘုရားအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး သာယာကုန်းကျေးရွာမှ ကိုဝင်းမောင်သည် သေနတ်ကျည်ဆံ ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ ကိုဝင်းမောင်သည် ကျွဲကျောင်းနေ စဉ် သေနတ်ကျည်ဆံထိမှန်ခဲ့ခြင်းဖြစ်သည်။ ကိုဝင်းမောင်သည် ကျောက်တော်ဆေးရုံ၌ ဆေးကုသမှု ခံယူနေရသည်ဟု သိရှိရသည်။

## ဆက်သွယ်ရေး ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခြင်းခံရသော အမှုပေါင်း ၂၀၀ အထိရှိလာ

ဇွန်လအထိ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခြင်းခံရသော အမှုပေါင်း ၂၀၀ အထိရှိလာပြီ ဖြစ်ကြောင်း ဇွန်လ ၂၃ ရက်နေ့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အဖွဲ့(အသံ)မှ ထုတ်ပြန်ခဲ့သည်။ ထိုအမှုများအနက် ၂၇ မှုသည် အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများမှ စွဲဆိုခဲ့ခြင်းဖြစ်ပြီး ၁၆ မှုသည် တပ်မတော်မှ တိုက်ရိုက်တရားစွဲဆိုခဲ့သည့်အမှုများ ဖြစ်သည်။

ဆက်သွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ်နှောင်းပိုင်းမှစ၍ ဇွန်လ ၂၀ ရက်နေ့အထိ တရားစွဲဆိုမှုပေါင်း ၂၀၀ အထိ ရှိသွားပြီဖြစ်ပြီး တရားစွဲဆိုခံရသူပေါင်း ၂၄၆ ဦးရှိသွားပြီဖြစ်ကြောင်း ထိုအစီရင်ခံစာအတွင်းတွင် ဖော်ပြထားသည်။ ဆိုရှယ်မီဒီယာပေါ်တွင် အသရေဖျက်သည်ဟုဆိုကာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့် စွဲဆိုမှုသည် အများဆုံးဖြစ်၍ တိုင်ကြားသူအများစုမှာ အစိုးရအရာရှိများ၊ တပ်မတော်အရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စီးပွားရေးသမားများ ဖြစ်ပြီး အမှုအများစုတွင် သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများကို စွဲဆိုကြခြင်းဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

## တပ်မတော်မှ ပစ်ခတ်ခြင်းကြောင့် မင်းပြား ဒေသခံ လေးဦး သေဆုံး

ဇွန်လ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ပြင်ယောင်းကျေးရွာ၌ တပ်မတော်စစ်ကြောင်းတစ်ခုမှ ပစ်ခတ်ခြင်းကြောင့် ရွာသား လေးဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

တပ်မတော်စစ်ကြောင်းတစ်ခုမှ ကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့ရာ ရွာသားများမှ ဖမ်းဆီးခံရမည်ကို စိုးရိမ်ကြောက်လန့်၍ ထွက်ပြေးခဲ့ကြသည်။ ထိုထွက်ပြေးခဲ့သည့် ရွာသားများကို မသင်္ကာဟုဆိုကာ တပ်မတော်စစ်ကြောင်းမှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

### မိုးညှင်းခရိုင်တွင် အမျိုးသမီးတစ်ဦး မိုင်းနင်းမိ၍ ဒဏ်ရာပြင်းထန်စွာရ

ဇွန်လ ၂၈ ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ အင်းတော်ကြီးဒေသ၊ မိုင်းနောင်ကျေးရွာမှ မစန်းကြည် အပါအဝင် သူငယ်ချင်း သုံးဦးသည် ဟင်းရွက်စဉ် ၎င်းတို့အနက်မှ တစ်ဦးသည် မြေမြှုပ်မိုင်းနင်းမိသဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မစန်းကြည်သည် ဒဏ်ရာအပြင်းအထန် ရရှိသွားခဲ့သည်။ မိုင်းပေါက်ကွဲမှုတွင် မစန်းကြည် တစ်ဦးသာ ဒဏ်ရာရရှိခဲ့ ကြောင်းနှင့် ဒဏ်ရာပြင်းထန်သည့်အတွက် မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်နေပြီဖြစ်ကြောင်း မိုင်းနောင်ကျေးရွာ ဒေသခံ ကိုစိုင်းထွန်းမှ ပြောကြားခဲ့သည်။

### ကျောက်တော်မြို့နယ်အတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦး ထပ်မံနုတ်ထွက်

ဇွန်လ ၂၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦးသည် ထပ်မံ နုတ်ထွက်သွားခဲ့သည်။ ဇွန်လ ၂၈ ရက်နေ့တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ၁၄ ဦးသည် စာရွက်တစ်ရွက်တည်းပေါ်တွင် လက်မှတ်ရေးထိုး၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ နုတ်ထွက်စာ တင်သွင်းခဲ့သည်။ သို့သော် မြို့နယ်အုပ်ချုပ်ရေးမှူးမှ စာရွက်တစ်ရွက်တည်းပေါ်တွင် ၁၄ ဦး တစ်ပြိုင်တည်း လက်မှတ်ရေးထိုး၍ နုတ်ထွက်စာတင်ခြင်းကို လက်မခံကြောင်း၊ နုတ်ထွက်လိုပါက တစ်ဦးချင်း လက်မှတ်ရေးထိုး၍ နုတ်ထွက်စာတင်ရန် ပြောကြားသောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦးသည် တစ်ဦးချင်း နုတ်ထွက်စာတင်ကာ တရားဝင်နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

## ► လယ်ယာမြေအငြင်းပွားမှုများ

### ပဲခူးတိုင်းဒေသကြီး၊ လှော်ကားကျေးရွာအုပ်စုမှ မြေသိမ်းခံတောင်သူများ ဆန္ဒထုတ်ဖော်

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေးတွင် လုပ်ငန်းရှင်များ၏ မြေယာသိမ်းဆည်းမှုကို ခံခဲ့ရသည့် ပဲခူးတိုင်းဒေသကြီး၊ လှော်ကားကျေးရွာအုပ်စုမှ မြေသိမ်းခံတောင်သူ ခြောက်ဆယ်ကျော်မှ ဇွန်လ ၇ ရက်နေ့တွင် နေပြည်တော်၌ ဆန္ဒထုတ်ဖော်ခဲ့သည်။ ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ဦးစောကျော်စွာမင်းမှ ၎င်းတို့နေထိုင်သည့် ရွာသည် လုပ်ငန်းရှင်များ သိမ်းဆည်းထားသည့် ပိုင်နက်အတွင်းသို့ ရောက်ရှိနေပြီး ဘိုးစဉ်ဘောင်ဆက်ဖြတ်သန်းသွားလာခဲ့သည့် ရွာချင်းဆက် လမ်းများသည်လည်း လုပ်ငန်းရှင်များ၏ ပိုင်နက်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ညောင်လေးပင်မြို့နယ်တွင် လယ်မြေသိမ်းဆည်းခြင်း ခံရသည့် တောင်သူများ ဆန္ဒထုတ်ဖော်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်တွင် လယ်မြေကို မူလတန်းကျောင်းမှ သိမ်းဆည်းထားခြင်းနှင့်ပတ်သက်ပြီး မြို့နယ် အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်ကို ကျေနပ်ခြင်းမရှိ၍ ဇွန်လ ၃ ရက်နေ့တွင် တောင်သူများမှ ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့ကြသည်။ ထိုလယ်မြေသိမ်းဆည်းမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် မြေစာရင်းရုံးရှေ့တို့၌ တောင်သူ ၅၀ ကျော်မှ ဆန္ဒထုတ်ဖော်ခဲ့သည်။

### ငွေတောင်ရွာဟောင်းကို စစ်တပ်မှ ခြံစည်းရိုးခတ်ထားသည့်ကိစ္စ ဖြတ်သိမ်းပေးရန် ဒေသခံများ တောင်းဆို

ခလရ(၁၀၂)တပ်ရင်းမှ အသုံးမပြုဘဲ သိမ်းဆည်းထားသည့် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ရွာဟောင်းကို ခြံစည်းရိုးခတ်ထားသည့်ကိစ္စကို ဖြတ်သိမ်းပေးရန် ဇွန်လ ၁ ရက်နေ့တွင် ငွေတောင်ရွာသို့ ဝန်ကြီးချုပ်ခရီးစဉ်အတွင်း ဒေသခံများမှ တောင်းဆိုခဲ့သည်။ ဒေသခံများ အခြေချနေထိုင်ခဲ့သည့် ဘိုးဘွားပိုင်မြေကို ခလရ(၁၀၂)တပ်ရင်းမှ သိမ်းဆည်းထားခြင်းကို လက်ခံနိုင်ခြင်းမရှိသည့်အပြင် ခြံစည်းရိုးကာရံနေခြင်းကိုလည်း လုံးဝကန့်ကွက်ကြောင်း အဆင့်ဆင့်တင်ပြခဲ့သည်ဟု သိရှိရသည်။

### လွိုင်ကော်မြို့တွင် တပ်ပိုင်မြေဟု သတ်မှတ်ထားသောနေရာ၌ တောင်သူများမှ ဒုတိယအကြိမ် ဝင်ရောက်စိုက်ပျိုးထွန်ယက်

တပ်ပိုင်မြေဟု သတ်မှတ်ထားသည့်နေရာတွင် ဝင်ရောက်စိုက်ပျိုးခြင်းမပြုရန် တပ်မှ တားမြစ်သော်လည်း တောင်ယာ လုပ်ငန်းနောက်ကျသဖြင့် စားဝတ်နေရေး

အတွက် ပူပန်၍ ဇွန်လ ၁၆ ရက်နေ့တွင် တောင်သူများမှ ဒုတိယအကြိမ် ထွန်ယက် စိုက်ပျိုးခြင်း ပြုလုပ်ခဲ့သည်။ ထိုသို့ ထွန်ယက်စိုက်ပျိုးခြင်း ပြုလုပ်နေချိန် ရဲတပ်ဖွဲ့ဝင်အင်အား ၅၀ ခန့်မှ လာရောက် တားမြစ်ခဲ့သည်။ လွိုင်ကော်မြို့နယ်အခြေစိုက် ခလရ ၂၅၀ နှင့် ၂၆၀ အမြောက်တပ်များမှ တပ်ပိုင်မြေဟုဆိုကာ မကျူးကျော်ရန် ဆိုင်းဘုတ်များစိုက်ထူ၍ သတ်မှတ်ထားသည့် နေရာများမှာ မူလပိုင်ရှင် ဌာနေတိုင်းရင်းသားများမှ ၎င်းတို့ဘိုးဘွားပိုင်မြေဖြစ်သည်ဟုဆိုကာ စိုက်ပျိုးချိန်ရောက်သောကြောင့် ဝင်ရောက်ထွန်ယက် စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။ မေလ ၃၁ ရက်နေ့တွင် တပ်မှ တားမြစ်ခဲ့သည့်ကြားမှ သီးနှံစိုက်ပျိုးချိန် နောက်ကျမည်ကို စိုးသောကြောင့် ပထမအကြိမ် ထွန်ယက်စိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့သည်။

## ၃၇၆ တပ်ရင်းမှ လယ်သမားများ၏ လယ်ကွက်များအတွင်း မိုင်းထောင်ထား၍ လယ်သမားများ လယ်မထွန်ရဲဘဲ အခက်အခဲဖြစ်နေ

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ဒေါင်းတော်ယိုးကျေးရွာအနီးရှိ ၃၇၆ တပ်ရင်းမှ ၎င်းတို့ တပ်ခြံစည်းရိုးအပြင်ဘက် ကိုက် ၅၀၀ ပတ်လည်အတွင်းရှိ လယ်သမားများ၏ လယ်ကွက်များအတွင်းတွင် မိုင်းထောင်ထားကာ လယ်သမားများအား ကိုက် ၅၀၀ ပါတ်လည်အတွင်း ဖြတ်သန်းသွားလာခြင်း မပြုလုပ်ရန်အတွက် အကြောင်းကြားစာ ထုတ်ပြန်ကာ တားမြစ်ထား ကြောင်း သိရှိရသည်။ သို့အတွက် အဆိုပါ ကိုက် ၅၀၀ ပါတ်လည် အတွင်းရှိ ရွှေတလှည့်၊ မူးချောင်း၊ ဒေါင်းတော်ယိုး၊ သရက်တပင် စသည့် ကျေးရွာအုပ်စုများမှ လယ်သမားများ၏ လယ်ကေများ ရာနှင့်ချီ၍ လယ်မထွန်ရသေးဘဲ ဖြစ်နေရကြောင်း သိရှိရသည်။

## ဟူးကောင်းချိုင့်ဝှမ်းဒေသ၌ ယုဇနကုမ္ပဏီနှင့် ဒေသခံတို့ကြား မြေယာ ပြဿနာကို ဖြေရှင်းပေးစေရန် တောင်းဆို

ကချင်ပြည်နယ်အနောက်ဘက် လီဒိုလမ်းမပေါ် ကျေးရွာများတွင် ယုဇနကုမ္ပဏီနှင့် ဒေသခံတို့ကြား မြေယာ ပြဿနာဖြစ်ပွားလျှက်ရှိပြီး ရုန်းရင်းဆန်ခတ်မှု အကြိမ်ကြိမ် ဖြစ်ပွားနေသောကြောင့် အစိုးရအဖွဲ့အား အမြန်ဆုံး လာရောက် ဖြေရှင်းစေလိုကြောင်း ဒေသခံများမှ တောင်းဆိုလျှက်ရှိသည်။ ဇွန်လ ၇ ရက်နေ့တွင် နောင်းမီကျေးရွာတွင် ယုဇနကုမ္ပဏီဘက်မှ ဒေသခံများ လုပ်ကိုင်စားသောက်နေသော လယ်ယာမြေဧက ၁၀၀ ခန့်တွင် ဘက်ဟိုး၊ ထွန်စက်များဖြင့် ဝင်ရောက်လာသဖြင့် ဒေသခံ ၃၀ ဦးခန့်နှင့် ကုမ္ပဏီဘက်မှ ၁၅ ဦးခန့် ပြဿနာဖြစ်ပွားခဲ့သည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်း ယုဇနကုမ္ပဏီမှ ကုမ္ပဏီပိုင်အဖြစ် မြေဧက စုစုပေါင်း ခြောက်သိန်းကျော်ကို သိမ်းယူထားပြီး နှစ်သိန်းကျော်ကို လုပ်ငန်းအကောင်အထည်ဖော်နေသည့်အတွက် အစိုးရမှ တရားမျှတစွာ ဖြေရှင်းပေးရန် တောင်းဆိုလျှက်ရှိသည်။

## တပ်မတော်မှ တရားစွဲဆိုထားသည့် ဒေါ်ဆိုရှေးရွာသားများ ထွန်တုံးတိုက်ပွဲဆင်နွှဲ

အကျိုးပျက်စီးမှု၊ ပိုက်နက်ကျူးကျော်မှုတို့ဖြင့် တပ်မတော်၏ တရားစွဲဆိုထားခြင်းကိုခံထားရသည့် ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ ဒေါ်ဆိုရှေးကျေးရွာမှ တောင်သူများသည် ၎င်းတို့၏ လယ်ယာမြေများပေါ်တွင် ဇွန်လ ၁၉ ရက်နေ့၌ ထွန်ယက်စိုက်ပျိုးခဲ့ပြီး ထွန်တုံးတိုက်ပွဲဆင်နွှဲခဲ့ကြသည်။ ဒေါ်ဆိုရှေး အခြေစိုက် အမှတ် ၃၆၀ အမြောက်တပ်မှ သိမ်းယူထားသည့် မြေယာများပေါ်တွင် ဒေသခံရွာသားများမှ ဝင်ရောက်ထွန်ယက်စိုက်ပျိုးခဲ့ခြင်းကြောင့် ဇွန်လ ၈ ရက်နေ့တွင် အမြောက်တပ်မှ ရွာသားခြောက်ဦးကို အကျိုးပျက်စီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ ဖြင့်လည်းကောင်း နောက်ထပ် ရွာသူ၊ရွာသား ၃၆ ဦးကို ပိုင်နက်ကျူးကျော်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့်လည်းကောင်း တရားစွဲဆိုထားသည်။ ရွာသားများ စိုက်ပျိုးလုပ်ကိုင်လျှက်ရှိသည့် မြေနေရာကို တပ်မှ မည်သည့်အချိန်ကတည်းက စတင် သိမ်းယူထားသည်ကို သေချာစွာ သိရှိရခြင်းမရှိသလို ရွာသားများကိုလည်း အသိပေးခြင်းမရှိဘဲ ၂၀၁၄ ခုနှစ်၌ တပ်မှ သိမ်းယူထားသည်ကို သိရှိခဲ့ရသည်ဟု ရွာသားများမှ ပြောကြားခဲ့သည်။ တပ်မှ သိမ်းဆည်းခဲ့သည်ဟုဆိုသော်လည်း ရွာသူ၊ရွာသားများမှ နှစ်စဉ်ထွန်ယက်စိုက်ပျိုးလာခဲ့ကြပြီး ယခုနှစ်တွင် အဆိုပါမြေနေရာကို ထွန်ယက်စိုက်ပျိုးခြင်းမပြုရန် တားမြစ်ခံခဲ့ရခြင်းဖြစ် သည်။

## နမ့်ခမ်းမြို့နယ်ရှိ သိမ်းဆည်းခံမြေကွက်များ ပြန်လည်ရရှိရေးအတွက် မူလပိုင်ရှင်လယ်သမားများ တောင်းဆို

ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်အတွင်းရှိ ပေါက်တိုက်၊ မန့်ခမ်း၊ မန့်နား၊ ကောင်းနောင်မို စသည့် ရပ်ကွက်များအတွင်းရှိ ဂန်ထမ်းများ နေထိုင်လျှက်ရှိသည့် နေရာများကို ပြန်လည် ရရှိရန် မူလပိုင်ဆိုင်သည့် လယ်သမားများမှ တောင်းဆိုလျှက်ရှိသည်။ ယခင်က ထိုနေရာများသည် ရွာသားပိုင်မြေနေရာများ ဖြစ်ခဲ့ပြီး မဆလ၊ နဝတ၊ နအဖအစိုးရများ လက်ထက်တွင်

သိမ်းဆည်းခြင်းခံခဲ့ရပြီး ဌာနဆိုင်ရာ မြေလုပ်ခဲ့ကြောင်း၊ တချို့မြေကွက်သည် မြေလွတ်မြေရိုင်း ဖြစ်နေပြီး တချို့မြေကွက်သည် ပိုင်ရှင်ရွာသားများ သိရှိခြင်းမရှိဘဲ အာဏာပိုင်များမှ ကုမ္ပဏီကို ရောင်းချထားသည်ဟု နမ့်ခမ်းမြို့နယ် တောင်သူလယ်သမားအသင်းမှ ပြောကြားခဲ့သည်။

## [ဘောဓိကုန်းကျေးရွာသားများ လယ်မြေလျော်ကြေး တောင်းဆို]

ရခိုင်ပြည်နယ်၊ မောင်တောမြို့အတွင်း ပေးဝေသည့်ရေ လုံလောက်ခြင်းမရှိ၍ မောင်တောမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှ ဘောဓိကုန်းကျေးရွာ၌ ရေလှောင်ဆည်တစ်ခု တိုးချဲ့တည်ဆောက်ရာတွင် လယ်မြေများနှင့် သစ်တော စိုက်ခင်းများ ပါဂင်သွားခဲ့သည့်အတွက် ဘောဓိကုန်း ရွာခံများသည် လျော်ကြေးပေးရန် တောင်းဆိုခဲ့ကြသည်။ ဘောဓိကုန်းကျေးရွာ ရေလှောင်ဆည် တည်ဆောက် ရာတွင် လယ်မြေပိုင်ရှင် ၁၃ ဦး၏ လယ်မြေ ၁၇.၅၀ ဧက ပါဂင်သွားခဲ့သည့်အပြင် ကျေးရွာ ၏ အစုအဖွဲ့ပိုင် သစ် တောစိုက်ခင်း ဧက ၅၀ အနက် ၁၅ ဧက ကျော် ပါဂင်သွား ခဲ့သည်ဟု သိရှိရသည်။

## [စစ်တပ်မှ တပ်သိမ်းမြေနေရာတွင် အုတ်တံတိုင်းခတ်ရန် တိုင်များ စိုက်ထူနေမှုကို တောင်သူများ ဖယ်ရှား]

ဇွန်လ ၂၁ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်မူကလားကျေးရွာမှ ဒေသခံတောင်သူများသည် တောင်သူများ စိုက်ပျိုးရာ တောင်ယာမြေကို အမတ ၃၅၆ နှင့် ခမရ ၂၅၀ တပ်တို့မှ တပ်သိမ်းမြေအဖြစ် သတ်မှတ်ထားပြီး အုတ်တံတိုင်းခတ်ရန် တိုင်များ စိုက်ထူထားခြင်းကို ဖယ်ရှားဖျက်ဆီးခဲ့သည်။ ၎င်းတောင်ယာမြေနှင့်ပတ်သက်၍ သက်ဆိုင်သည့် အစိုးရနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များထံသို့ အကြိမ်ကြိမ် စာတင် ထားသော်လည်း တစ်စုံတစ်ရာ ဖြေရှင်းပေးမှု မရှိသေးကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။ စစ်တပ်မှ တပ်သိမ်းမြေအဖြစ် သတ်မှတ်ထားသော မြေသည် ကျေးရွာ ၁၁ ရွာမှ တောင်သူပိုင် တောင်ယာမြေများဖြစ်ပြီး ခန့်မှန်းခြေ ဧက တစ်ထောင် ကျော်ရှိကြောင်း တောင်သူများထံမှ သိရှိရ သည်။

# ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ

## လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကို ဥပဒေကျောင်းသားအားလုံး မဖြစ်မနေ သင်ယူရန် သတ်မှတ်

လူ့အခွင့်အရေး ပညာရေးကို မြှင့်တင်ရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကို တစ်နိုင်ငံလုံးရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် များ၌ ယခုနှစ်မှစ၍ ဥပဒေအထူးပြု တတိယနှစ် ကျောင်းသားများအားလုံး မဖြစ်မနေ သင်ယူရကြောင်း ဒဂုံတက္ကသိုလ် ဥပဒေ ပညာဌာနထံမှ သိရှိရသည်။ ယင်းဥပဒေကို နေ့သင်တန်း ဥပဒေ ပညာအထူးပြု တတိယနှစ်ကျောင်းသားများသာမက အဝေးသင် ဥပဒေပညာအထူးပြု တတိယနှစ်ကျောင်းသား များပါ မဖြစ်မနေသင်ယူရမည်ဖြစ်ကြောင်း သိရှိရသည်။

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

**စည်းကမ်းလိုက်နာသည့်အကျဉ်းသားများကို ပြစ်ဒဏ်မစေ့မီ ခံဝန်ဖြင့် လွှတ်ပေးရန် စီစဉ်နေ**

စည်းကမ်းလိုက်နာသည့်အကျဉ်းသားများကို ပြစ်ဒဏ် မစေ့ခင် ကတိခံဝန်ချက်ဖြင့် လွှတ်ပေးသည့်စနစ် ကျင့်သုံးရန် စီစဉ်နေသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူမှ ဖွန်လ ၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ပြောကြားခဲ့သည်။ "လက်ရှိလူဦးရေ ကြပ်တည်းမှုကို ဖြေရှင်းနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီး ဌာန အနေဖြင့် နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျှက်ရှိသည့် Paroles System ခေါ် ပြစ်ဒဏ်မစေ့မီ ကျန်ပြစ်ဒဏ်များကို ပြင်ပတွင် ကောင်းမွန်စွာနေထိုင်ပါမည်ဆိုသည့် ကတိခံဝန်ချက်ဖြင့် လွှတ်ပေးသောစနစ်ကို ဆောင်ရွက်နိုင်ရန်အတွက် ခံဝန်ဖြင့် ထုတ်ပေးမည့် အကျဉ်းသားများကို စောင့်ကြည့် လေ့လာခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို စတင်ရေးဆွဲဖြစ်ပါကြောင်း၊ အဆိုပါဥပဒေ အတည်ပြုပြီးပါက ဥပဒေနှင့်အညီ အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း" ဒုဝန်ကြီး ဗိုလ်ချုပ်အောင်သူမှ ပြောကြားခဲ့သည်။ မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းထောင် ကြပ်တည်းမှု ပြဿနာကို လျှော့ချ ဖြေရှင်းနိုင်ရန် အကျဉ်းသားစိစစ်လျှော့ချရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက တိုင်းဒေသကြီး ပြည်နယ်အလိုက်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဟုလည်း ဒုဂန်ကြီးမှ ပြောကြားခဲ့သည်။

**အင်းစိန်အကျဉ်းထောင် ထောင်ဂင်စာတွေ့ခန်းနှင့် ညည့်နားဆောင်သစ် ဖွင့်လှစ်**

ဖွန်လ ၂၃ ရက်နေ့တွင် ရန်ကုန် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ထောင်ဝင်စာညှိတွေ့ခန်းနှင့် ထောင်ဝင်စာညှိသည် နားနေဆောင်သစ်ကို ဖွင့်လှစ်ခဲ့သည်။ ထောင်ဝင်စာညှိတွေ့ခန်းနှင့် ထောင်ဝင်စာညှိသည် နားနေဆောင်သစ်ကို အကျဉ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) တို့ပူးပေါင်း၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## နိုင်ငံရေးအကျဉ်းသားများ

### ▶ ဖမ်းဆီးခံရခြင်းများ

ဖမ်းဝရမ်းထုတ်ခြင်းခံထားရသော ကရင်နီလူငယ်တစ်ဦး ဖမ်းဆီးခြင်းခံရ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၃ ရက်၊ လွတ်လပ်သည့် အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၃ ရက်၊ ဧရာဝတီ

မြောက်ဦးရှိ ဆင်အိုးရွာသား ခုနစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၄ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၄ ရက်၊ နိရဥ္စရာ

AA အဖွဲ့ဝင်ဟု သံသယရှိသဖြင့် ရွာသား ၂၅ ဦးကို ဖမ်းဆီး၊စစ်ဆေး
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၅ ရက်၊ လွတ်လပ်သည့် အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၈ ရက်၊ BNI

ဘူးသီးတောင်မြို့နယ်တွင် ခိုလှုံနေသည့် ခမီတိုင်းရင်းသား ခြောက်ဦးကို  ဖမ်းဆီး
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၇ ရက်၊ လွတ်လပ်သည့် အာရှအသံ/မြန်မာ

ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး၏ အစ်မဖြစ်သူ ကိုယ်တိုင်လာရောက် အဖမ်းခံ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၉ ရက်၊ လွတ်လပ်သည့် အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၉ ရက်၊ လွတ်လပ်သည့် အာရှအသံ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၀ ရက်၊ BNI

မြောက်ဦးမြို့နယ်တွင် ရွာသားအယောက် ၂၀ နီးပါးကို ဖမ်းဆီး
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ကရင်နီ လူငယ် ငါးဦး သွားရောက် ဖမ်းဆီးခံခဲ့
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၂ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ ဧရာဝတီ

**တပ်မတော်အရာရှိများကို အရေးယူပေးရန် ဆန္ဒထုတ်ဖော်သူ ဖမ်းဆီးခြင်းခံရ**

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ မြန်မာနောင်း/မြန်မာ

**AA ဟု ယူဆရသူ ရှစ်ဦးကို ဖမ်းဆီးစစ်ဆေး**

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ BNI

**တပ်မတော် ရေယာဉ်ပစ်ခတ်ခြင်းခံခဲ့ရပြီးနောက် မသင်္ကာမှုဖြင့် ဒေသခံ ၁၀ ဦး ဖမ်းဆီးခြင်းခံရ**

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ နိရဥ္စရာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ BNI

**AA နှင့်ဆက်နွယ်မှု သံသယဖြင့် ဖမ်းဆီးထားသူ နှစ်ဦးကို ဖမ်းဆီး၊ အမှုဖွင့်**

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ အီလဲဗင်း
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ BNI/မြန်မာ

## ► ပျောက်ဆုံးသွားခြင်းများ

**ပျောက်ဆုံးနေသည့် သံတောင်ရွာသား၏ သတင်းအစအနမရရှိသေး**

၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၈ ရက်၊ BNI/မြန်မာ

မြောက်ဦးတွင် ဖုန်းအဟောင်းလိုက်ဝယ်သူ လေးဦး ပျောက်ဆုံးနေ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

(21 June 2019 - RFA/Burmese)

## ► တရားစွဲဆိုခံရခြင်းများ

ဖမ်းဆီးခြင်းခံထားရသော လက္ကာရှာသား ၂၄ ဦးကို တရားစွဲဆို

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ဧရာဝတီ/မြန်မာ

အမြောက်တပ်မှ ဒီးမော့ဆိုမြို့နယ် ဒေါဆိုရှေးရွာမှ ရွာသားများကို အမှုဖွင့်၊တရားစွဲ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ

ကချင်စစ်ပွဲ ရှစ်နှစ်ပြည့် သရုပ်ဖော်ပြဇာတ် ဦးဆောင်သူ နှစ်ဦးကို အမှုဖွင့်

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ BNI

Channel Myanmar သတင်းထောက်ကို ပုဒ်မ ငါးခုဖြင့် စွဲချက်တင်

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ မြန်မာတိုင်းမ်

အောင်သပြေကျေးရွာသား ခြောက်ဦးကို  ပုသိမ်ကြီးမြို့နယ်တရားရုံး၌ စတင်တရားစွဲဆို

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ

ဒေါ်အောင်ဆန်းစုကြည်ထံ တိုင်ကြားခဲ့သည့် လယ်သူမတစ်ဦးကို အမှုဖွင့်

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ

ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်ကို ဝါးခယ်မမြို့နယ်တရားရုံးတွင် တရားစွဲဆို

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ

သတင်းထောက် သုံးဦးအပါအဝင် ၁၂ ဦးကို ဒီမောဆိုမြို့မရဲစခန်း၌ အမှုဖွင့်

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ ဧရာဝတီ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဧရာဝတီ

အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အောက်သားကန်ကျေးရွာသား ငါးဦး တရားစွဲဆိုခြင်းခံရ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ BNI

## ► တရားရင်ဆိုင်ရခြင်းများ

ဆရာတော်ဦးသောဘိတကို တရားစွဲဆိုရန် လျှောက်ထားမှုကို တရားရုံးမှ ပယ်ချ

၂၀၁၉ ခုနှစ်၊ ဖွန်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၆ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၆ ရက်၊ ဧရာဝတီ

ထောင်ဒဏ်ကျခံနေရသည့် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ထပ်မံတရားစွဲဆိုရန် ကြိုးပမ်း
၂၀၁၉ ခုနှစ်၊ ဖွန်လ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၀ ရက်၊ 7 Day Daily/မြန်မာ

မင်းသားတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသား တစ်ဦးကို ရုံးထုတ်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၄ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

တရားလိုပြသက်သေများ လာရောက်ခြင်း မရှိ၍ ကိုဆွေဝင်းအမှုကို ပယ်ဖျက်ပေးရန် လျှောက်ထား
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၇ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၈ ရက်၊ 7 Day Daily/မြန်မာ

## ► ထောင်ဒဏ်ချမှတ်ခံရခြင်းများ

သာယာဝတီမြို့နယ် NLD ပြန်ကြားရေး တာဝန်ခံကို ပုဒ်မ ၆၆ (ဃ)ဖြင့် ထောင်ဒဏ် ချမှတ်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၁၈ ရက်၊ The Voice/မြန်မာ

ကရင်ပြည်နယ်အတွင်း လယ်သမားအရေး ဆန္ဒထုတ်ဖော်သူများကို ငွေဒဏ်ချမှတ်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ

လယ်ယာမြေအရေးလှုပ်ရှားသူ နှစ်ဦးကို ထောင်ဒဏ် တစ်လစီချမှတ်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ

လယ်ယာမြေအရေးလှုပ်ရှားသူ နှစ်ဦးကို ထောင်ဒဏ် လေးလစီ ချမှတ်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ အီလဲဗင်း/မြန်မာ

ရန်ကင်းမြို့နယ်တရားရုံးမှ MDCF ခေါင်းဆောင် ကိုထင်ကျော်အား အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်ချမှတ်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ အီလဲဗင်း/မြန်မာ

### ► ထောင်တွင်းအခြေအနေများ

အကျဉ်းထောင်များ၌ တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း မြင့်လာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ

ထောင်သုံးခုတွင် အကျဉ်းသားဦးရေ ၂၀၀ ရာခိုင်နှုန်း ကျော်လွန်
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ မြန်မာတိုင်းမ်

### ► ထောင်မှ လွတ်မြောက်မှုများ

ဖမ်းဆီးခြင်းခံရသည့် မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာမှ ရွာသား နှစ်ဦး ပြန်လည်လွတ်မြောက်
၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်၊ BNI/မြန်မာ

မတရားသင်းဆက်သွယ်မှုဖြင့် ဖမ်းဆီးခြင်းခံထားရသည့် ရွာသားနှစ်ဦးကို အမှုမှ အပြီးသတ်လွှတ်ပေး
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ BNI

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများ နှင့် ဆန္ဒထုတ်ဖော်မှုများ

တပ်မတော်မှ ခေါ်ဆောင်သွားခဲ့သည့် ဆင်သီရွာသား နှစ်ဦး ပြန်လည် လွတ်မြောက်
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

မင်းပြားမြို့နယ်တွင် ဘုန်းကြီးကျောင်းရှေ့၌ လက်နက်ကြီးကျရောက် ပေါက်ကွဲ၍ ခြောက်ဦးသေဆုံး၊ ရှစ်ဦး ဒဏ်ရာရရှိ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ Frontier Myanmar
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်၊ မဇ္ဈိမ

**AA လက်နက်ကိုင်အဖွဲ့မှ ရဟန်းတစ်ပါးနှင့် အမျိုးသမီး တစ်ဦးကို လက်ထပ်ပေး**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ The Voice/မြန်မာ

**AA မှ ဖမ်းဆီးထားသည့် ရွာသားများကို လွှတ်ပေးရန် ချင်းလူ့အခွင့်အရေးအဖွဲ့ တောင်းဆို**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ BNI

**ကျောက်တော်မြို့နယ်တွင် ရပ်ကျေးအုပ်ချုပ်ရေးမှူး ၅၀ နီးပါး နုတ်ထွက်စာတင်**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဧရာဝတီ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ မဇ္ဈိမ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ BNI

**ဖမ်းဆီးခြင်းခံထားရသည့် အောင်သပြေကျေးရွာသား အိုးဘိုထောင်တွင်း၌ သေဆုံး**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဧရာဝတီ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ မဇ္ဈိမ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၉ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ မြန်မာတိုင်းမ်

**ပုဏ္ဏားကျွန်းမြို့နယ်တွင် လက်နက်ကြီးပေါက်ကွဲ၍ တစ်ဦး သေဆုံး၊ သုံးဦး ဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဧရာဝတီ

**ကချင်၊ ရခိုင်နှင့် ရှမ်းဒေသများရှိ စစ်ပွဲများ ရပ်တန့်ရေး လူငယ်များ စုပေါင်း ဆန္ဒထုတ်ဖော်**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ

**ရခိုင်ပြဿနာ တွေ့ဆုံညှိနှိုင်းအဖြေရှာရန်နှင့် ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန် တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်၊ DMG

၂၀၁၉ ခုနှစ်၊ ဇွန်လ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ

**ပုဏ္ဏားကျွန်းမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုကို တပ်မတော် ဝိုင်းထား**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ DMG

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ BNI

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ BNI/မြန်မာ

ကျောက်တော်မြို့နယ်၊ ဖက်ဝမ်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး မြေမြှုပ်မိုင်းထိမှန် ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ BNI

ကျောက်တော်မြို့နယ်တွင် AA အဖွဲ့မှ သစ်တောဝန်ထမ်း တစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

စစ်ရေး တည်ငြိမ်ပါက ဆုထူးစံ လမ်းလုပ်သား ရှစ်ဦးကို ပြန်လွှတ်ပေးမည် ဟု AA ပြောကြား
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ BNI

ကျောက်တန်းရွာ ပစ်ခတ်မှုဖြစ်စဉ် ကွင်းဆင်းစုံစမ်းစစ်ဆေးတွေ့ရှိချက် ထုတ်ပြန်
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ မြန်မာတိုင်းမ်

မြောက်ဦးတွင် ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် အရပ်သား ရှစ်ဦးဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ BNI/မြန်မာ

ဗိုမီးတော်လှန်ရေးလက်နက်ကိုင်အဖွဲ့မှ ကလေးဒေသခံတစ်ဦးကို သတိပေးစာ တစ်စောင်နှင့် ကျည်ဆန်တစ်တောင့် ပေးပို့ခဲ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ BNI

မြေပုံမြို့နယ်တွင် တပ်သတင်းပေးဟု စွပ်စွဲခံရသော ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦး လုပ်ကြံခံရ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ မဇ္ဈိမ

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး ငါးဦးကို KNU မှ ဖမ်းဆီးထား
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ

ဘားအံခရိုင် မီဖိုင်းတောင်ခြေ၌ ရွာသား တစ်ဦး မျှစ်ချိုးသွားစဉ် မြေမြှုပ်မိုင်းထိ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ

ဘူးသီးတောင်တွင် တပ်ပြေးတစ်ဦး ပစ်ခတ်၍ ဈေးသည်တစ်ဦး သေဆုံး
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ 7 Day Daily/မြန်မာ

ပုဏ္ဏားကျွန်းတွင် တည်းခင်းသွားသည့် အရပ်သားတစ်ဦး မိုင်းနင်းမိ၍ ဒဏ်ရာပြင်းထန်စွာ ရရှိ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၂ ရက်၊ ရေ၀တီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၂ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၂ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

မြောက်ဦး၌ ပေါက်ပင်ကွင်းရွာသားတစ်ဦး သေနတ်ကျည်ဆံထိမှန်၍ ဆေးရုံရောက်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ နိရဥ္စရာ/မြန်မာ

တရုတ်နယ်စပ် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးကို မူဆယ်ရဲလှည့်ကင်းအဖွဲ့မှ ရိုက်နှက်၍ ဒဏ်ရာများစွာရရှိ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ သျှမ်းသံတော်ဆင့်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ BNI

ကျောက်တော်မဟာမြတ်မုနိဘုရားအနီးတွင် တိုက်ပွဲဖြစ်၍ အရပ်သား တစ်ဦး ဒဏ်ရာရရှိ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ BNI

ဆက်သွယ်ရေး ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခြင်းခံရသော အမှုပေါင်း ၂၀၀ အထိရှိလာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ ရေ၀တီ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ ရေ၀တီ/မြန်မာ

တပ်မတော်မှ ပစ်ခတ်ခြင်းကြောင့် မင်းပြား ဒေသခံ လေးဦး သေဆုံး
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

မိုးညှင်းခရိုင်တွင် အမျိုးသမီးတစ်ဦး မိုင်းနင်းမိ၍ ဒဏ်ရာပြင်းထန်စွာရ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ ရေ၀တီ/မြန်မာ

ကျောက်တော်မြို့နယ်အတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦး ထပ်မံနုတ်ထွက်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖွန်လ ၃၀ ရက်၊ နိရဥ္စရာ/မြန်မာ

## ▶ လယ်ယာမြေအငြင်းပွားမှုများ

ပဲခူးတိုင်းဒေသကြီး၊ လော့်ကားကျေးရွာအုပ်စုမှ မြေသိမ်းခံ တောင်သူများ ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၃ ရက်၊ အီလဲဗင်း/မြန်မာ

ညောင်လေးပင်မြို့နယ်တွင် လယ်မြေသိမ်းဆည်းခြင်းခံရသည့် တောင်သူများ ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ ဖွန်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ

ငွေတောင်ရွာဟောင်းကို စစ်တပ်မှ ခြံစည်းရိုးခတ်ထားသည့်ကိစ္စ ဖြုတ်သိမ်းပေးရန် ဒေသခံများ တောင်းဆို
၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်၊ BNI/မြန်မာ

လှိုင်ကော်မြို့တွင် တပ်ပိုင်မြေဟု သတ်မှတ်ထားသော နေရာ၌ တောင်သူများမှ ဒုတိယအကြိမ် ဝင်ရောက်စိုက်ပျိုး ထွန်ယက်
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ အီလဲဗင်း/မြန်မာ

၃၇၆ တပ်ရင်းမှ လယ်သမားများ၏ လယ်ကွက်များအတွင်း မိုင်းထောင်ထား၍ လယ်သမားများ လယ်မထွန်ရဲဘဲ အခက်အခဲဖြစ်နေ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ကျောက်တော်သတင်းစုံ/မြန်မာ

ဟူးကောင်းချိုင့်ဝှမ်းဒေသ၌ ယုဇနကုမ္ပဏီ နှင့် ဒေသခံတို့ကြား မြေယာ ပြဿနာကို ဖြေရှင်းပေးစေရန် တောင်းဆို

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ BNI/မြန်မာ

တပ်မတော်မှ တရားစွဲဆိုထားသည့် ဒေါ်ဆိုရေးရွာသားများ ထွန်တုံးတိုက်ပွဲဆင်နွှဲ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ BNI

နမ့်ခမ်းမြို့နယ်ရှိ သိမ်းဆည်းခံမြေကွက်များ ပြန်လည်ရရှိရေးအတွက် မူလပိုင်ရှင်လယ်သမားများ တောင်းဆို
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ

ဘောမိကုန်းကျေးရွာသားများ လယ်မြေလျော်ကြေး တောင်းဆို
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

စစ်တပ်မှ တပ်သိမ်းမြေနေရာတွင် အုတ်တံတိုင်းခတ်ရန် တိုင်များ စိုက်ထူနေမှုကို တောင်သူများ ဖယ်ရှား

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ BNI/မြန်မာ

## ဥပဒေပြုရေးနှင့် မူဝါဒဆိုင်ရာ တိုးတက်မှုများ

လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကို ဥပဒေကျောင်းသားအားလုံး မဖြစ်မနေ သင်ယူရန် သတ်မှတ်
၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ The Voice/မြန်မာ

## အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

စည်းကမ်းလိုက်နာသည့်အကျဉ်းသားများကို ပြစ်ဒဏ်မစေ့မီ ခံဝန်ဖြင့် လွှတ်ပေးရန် စီစဉ်နေ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ MIRadio
၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်၊ အီလဲဗင်း

**အင်းစိန်အကျဉ်းထောင် ထောင်ဂင်စာတွေ့ခန်းနှင့် ဧည့်နားဆောင်သစ် ဖွင့်လှစ်**

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၈ ရက်၊ မြန်မာတိုင်းမ်

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး + ၉၅(၀) ၉၄၂၈ ၀၂၃ ၈၂၈**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃**
**အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈**